မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၄၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သစ်တောများသည် လူသားများ၏ လူမှုစီးပွားဆိုင်ရာကိစ္စရပ်များအတွက် များစွာအရေးပါ

သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့နေရေး သစ်တောသစ်ပင်များ ရေရှည်တည်တံ့စေရန်ထိန်းသိမ်း

အနာဂတ်မျိုးဆက်သစ်များအတွက် သစ်တောသယံဇာတအမွေအနှစ်များ လွှဲပြောင်းပေးနိုင်ရေး

သဘာဝသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းအပြင် သစ်တောစိုက်ခင်းများ တည်ထောင်ပေးနိုင်ခဲ့

နေပြည်တော် ဇွန် ၅

၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွှတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ အကျဉ်းချုပ်မှာ ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့၌ ကုလသမဂ္ဂကကြီးမှူးပြီး လူသားနှင့် ပတ်ဝန်းကျင်ညီလာခံကို ပထမဆုံးအကြိမ် ကျင်းပခဲ့ကြောင်း၊ ယင်းညီလာခံကျင်းပခဲ့သော ဇွန် ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ်သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီး၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ကျင်းပခဲ့ကြကြောင်း။

နှစ်စဉ်မပျက်ကျင်းပ

နှစ်စဉ် ဇွန်လ ၅ ရက်နေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံများအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၊ အနုပညာစွမ်းရည်ပြပွဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးအစီအစဉ်၊ လူထုလှုပ်ရှားမှု၊ အားကစားလှုပ်ရှားမှု၊ သတင်းအချက်အလက်ပြန်ကြားထုတ်လွှင့်ပေးမှု စသည်တို့ကို ကျင်းပကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပညာပေးလှုပ်ရှားမှုများကို ၁၉၉၃ ခုနှစ်မှစပြီး နှစ်စဉ်မပျက်ကျင်းပခဲ့ကြောင်း၊ ယခုနှစ်အတွက် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့ပြီး ဆုရရှိသူများကို ယနေ့ အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နှစ်စဉ်ကျင်းပကြရာတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်တစ်ခုစီကို ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်က နှစ်စဉ်ရွေးချယ်သတ်မှတ်ပေးကြောင်း၊ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "**သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ရေး၊ သစ်တောများကို ထိန်းသိမ်းပေး**" "Forest; Nature at Your Service" ဟု သတ်မှတ်ထားကြောင်း၊ ထို့အပြင် ကုလသမဂ္ဂက ၂၀၁၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် (International Year of Forests) အဖြစ် သတ်မှတ်ထားသည့်အတွက်

စာမျက်နှာ ၈ ကော်လံ ၁ ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွှတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၆ ရက်)

တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှု အလေးဂရုပြုဆောင်ရွက်

ရာသီဥတုများပြုပြင်ပြောင်းလဲမှုနှင့်အတူ ပြည်သူတစ်ရပ်လုံး အထူးဂရုပြုကြရမည်မှာ ကျန်းမာရေး အသိဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြိုတင်ကာကွယ်ဆောင်ရွက်သွားကြရန်ဖြစ်သည်။

ယခုအချိန်ကာလတွင် မိုးရွာသွန်းမှုကြောင့် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါများ ဖြစ်ပွားနိုင်သည်။

ခြင်ပေါက်ပွားမှုကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနိုင်သဖြင့် ရေတွင်း၊ ရေအိုင်၊ ရေစည်၊ ရေအိုးများတွင် ပိုးလောက်လမ်းများပေါက်ပွားခြင်းကို စဉ်ဆက်မပြတ်သတိပြု နှိမ်နင်းကြရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ခြင်အကိုက်ခံရသူမှတစ်ဆင့် ကူးစက်ပျံ့နှံ့တတ်၍ ခြင်နှိမ်နင်းခြင်းကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း အနေဖြင့် ရောဂါမဖြစ်ပွားမီ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ (ဖုံး၊ သွန်၊ လဲ၊ စစ်) ဆောင်ရွက်ခြင်းကို မိမိအိမ်တွင်း အိမ်ပြင်နှင့် အိမ်ပတ်ဝန်းကျင်တွင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ သွေးလွန်တုပ်ကွေး ရောဂါကူးစက်ဖြစ်ပွားမှုလျော့နည်းစေနိုင်မည်ဖြစ်သည်။

ဝမ်းပျက် ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ နေရာဒေသမရွေး၊ အသက်အရွယ်မရွေးဖြစ်ပွားနိုင်သော ကူးစက်ရောဂါဖြစ်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် ယင်နားစာနှင့် အမှည့်လွန်သော အသီးများကို မစားသုံးရန်၊ သန့်သန့်ရှင်းရှင်းပြုပြင်ချက်ပြုတ်မထားသော လက်သုပ်အစား အစာများနှင့် အခြားအစားအစာများ စားသောက်ခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်သည်။

ထို့ပြင်ရေကိုကျိုချက်၍ သောက်သုံးရမည်ဖြစ်ပြီး ရေတွင်း၊ ရေကန်၊ တုံကင်၊ အဝီစိတွင်းများအား ပြင်ပရေများ စိမ့်ဝင်ခြင်း၊ အမှိုက်၊ ကျွဲ နွားတိရစ္ဆာန်များနှင့် ထိတွေ့မှုမရှိရန် ကာကွယ်မှုပြုလုပ်ထားရမည်ဖြစ် သည်။ ဝမ်းပျက်ဝမ်းလျှောမဖြစ်ပွားရန် လက်သန့်ရှင်းမှု၊ အိုးခွက်ပန်းကန်သန့်ရှင်းမှုနှင့် အိမ်သာသန့်ရှင်းမှု ရှိရန်လည်း လိုအပ်သည်။

ယခုရာသီကာလသည် ခြင်နှင့် ယင်အများဆုံးပေါက်ပွားပြီး ယင်းတို့မှတစ်ဆင့် ကူးစက်ရောဂါအများဆုံး ဖြစ်နိုင်သဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးမှအစပြု၍ ပတ်ဝန်းကျင်သန့်ရှင်းရေးကို လူတိုင်းအလေးဂရုပြု ဆောင်ရွက်ကြရန် အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်တွင်း ကုန်တင်၊ ကုန်ချ လုပ်ငန်းများ

ဒုတိယဝန်ကြီး ဦးမြင့်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၅

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းသည် ဇွန် ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ချောင်းဝဌာနခွဲ၌ ပြည်တွင်းကုန်တင်၊ ကုန်ချ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဗဟိုပြည်တွင်းကုန်တင်၊ ကုန်ချကော်မတီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဇုန်နယ်မြေမှူးများ၊ မြို့နယ်ဦးစီးအရာရှိများက ကုန်တင်၊ ကုန်ချ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းသားသမီးများအား

မော်ဘီမြို့နယ်၌ ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၅

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မော်ဘီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အမှာစကားပြောကြားပြီး အထက်တန်း ဆင့်၊ အလယ်တန်းဆင့်နှင့် မူလတန်းအဆင့်တို့တွင် ပညာသင်ကြား နေသော ဝန်ထမ်းသားသမီး ၄၅ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်းငွေကျပ်၂၈၂၀၀၀ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဝက်နားရွက်ပြာကာကွယ်ရေး

ပညာ ပေးဟောပြော

မြောက်ဦး ဇွန် ၅

မြောက်ဦးမြို့နယ်၌ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဝက်နားရွက်ပြာရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ပညာပေး ဟောပြောပွဲကို ဇွန် ၁ ရက် မွန်းလွဲ ၁နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်းက အမှာစကားပြောကြားသည်။

ဖြန့်ဝေ

ထို့နောက် မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာ ဦးသာထွန်းအေးက ဝက်နားရွက်ပြာရောဂါ အကြောင်း သိကောင်းစရာများကို ဟောပြောကာ လက်ကမ်းစာစောင်များကို ဖြန့်ဝေ ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဖြူမြို့နယ် ဘုရားကြီးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာဦးညီညီဆွေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။(မြို့နယ်စည်ပင်)

စီးပွားရေး ကျွန်းစိုက်ခင်းများ

လှည်းကူးမြို့နယ်၌ စိုက်ပျိုး

လှည်းကူး ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် စီးပွားဖြစ်ကျွန်း စိုက်ခင်းများ စိုက်ပျိုးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် သစ်တော ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းနှင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးတို့အဖွဲ့သည် မေ ၃၁ ရက်က လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန မဟူရာကြိုးဝိုင်း အကွက်အမှတ် (၆၁) တွင် စိုက်ပျိုးထားသော စီးပွားရေးကျွန်းစိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေး ကြသည်။ **(အပေါ်ပုံ)**

စိုက်ပျိုးပြီး

၂၀၁၁-၂၀၁၂ ခုနှစ်တွင် လှည်းကူးမြို့နယ်၌ ကျွန်းစိုက်ခင်းဧက ၅၀၀ စိုက်ပျိုးရန်လျာထားရာ ယခုအခါ ကျွန်းစိုက်ခင်း ဧက ၂၅၀တွင် ကျွန်းပျိုးပင် ပေါင်း ၁၃၅၀၀၀စိုက်ပျိုးပြီးစီးကြောင်းနှင့် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၁- ၂၀၁၂ခုနှစ်အထိ လှည်းကူးမြို့နယ်တွင် ကျွန်းစိုက်ခင်းပေါင်း ၄၇၅၅ဧကေ စိုက်ပျိုး ပြီးဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၆-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၁၅ ၆။ စိုက်ပျိုးသုတ
၄:၂၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၈။ လျှပ်တစ်ပြက်
၄:၄၅ ၉။ ဗွီစီဒီကျော်ကြားတေး
၅:၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၇)
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၄။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း -၁၅)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေးသုံးပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ Talk of the Town
၂၂။ မေးမြန်းစူးစမ်း
၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း -၂၂)
၂၆။ **Mini Series**

● *ကျောဖုံးမှ*

ရည်မှန်းချက်

ပြည်ထောင်စု ဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်နှစ်ခုကို နယ်စပ်ဒေသတွင် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးကိုဆောင်ရွက်ပေးနိုင်မည့် အဆင့်မြင့်ပညာ တတ်ကျွမ်းသော အသိပညာရှင်များ မွေးထုတ်ပေးနိုင်စေရန် ရည်မှန်းချက်များထားရှိ တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် ရန်ကုန်ဒီဂရီကောလိပ်၏ ဒသမအကြိမ်မြောက် ကျောင်းဆင်းပွဲ ကျင်းပနိုင်သည့် အခြေအနေ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ယနေ့ သင်တန်းအောင်မြင်ပြီးဆုံး၍ ဘွဲ့ဒီပလိုမာ ရရှိကြပြီဖြစ်သည့် သင်တန်းသားများအနေဖြင့် မိမိတို့ ဇာတိရပ်ရွာဖြစ်သည့် နယ်စပ်ဒေသများကို ပြန်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးတာဝန်များကို ထမ်းဆောင်ကြရတော့မည် ဖြစ်ကြောင်း၊ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်တန်းသားများ အနေဖြင့်လည်း ဆက်လက်သင်ယူ လေ့လာဆည်းပူးမှု ပြီးဆုံးသည့်အခါ နယ်စပ်ဒေသများ၌ ပြန်လည်တာဝန်ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း။

ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ချင်းပြည်နယ် ကန်ပက်လက်မြို့မှ ချင်းတိုင်းရင်းသား မောင်လိန်းနိုင်။

သိပ္ပံဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် တာချီလိတ်မြို့မှ ရှမ်းတိုင်းရင်းသား မောင်ကျော်ထွန်း။

အင်ဂျင်နီယာ ဘာသာ ထူးချွန်ဆုရ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့မှ နာဂတိုင်းရင်းသားမောင်ဝင်းမင်းထွန်း။

မွေးထုတ်ပေး

၂၀၁၀ခုနှစ်အထိ ဒီဂရီ ကောလိပ်နှစ်ခုက မွေးထုတ်ပေးလိုက်သည့် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိသူ ၁၀၆၈ ဦး၊ အင်ဂျင်နီယာဒီပလိုမာရရှိသူ ၄၄၅ ဦး စုစုပေါင်း ၁၅၀၃ ဦးတို့သည် နိုင်ငံ့ဝန်ထမ်းများအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိနေကြပြီ ဖြစ်ကြောင်း၊ ကျောင်းဆင်းခဲ့သူများထဲမှ မဟာဝိဇ္ဇာဘွဲ့ ၄၄ ဦး၊ မဟာသိပ္ပံဘွဲ့ ၆၇ ဦး၊ M.Eဘွဲ့ ရှစ်ဦး၊ B.Eဘွဲ့ ၁၀၇ ဦး၊ B.Tech ဘွဲ့ ၁၃၆ ဦး ရရှိကြပြီး ဖြစ်ကြောင်း၊ ဆက်လက်ပညာဆည်းပူးကြသည့် ကျောင်းဆင်းဝန်ထမ်းများအနေဖြင့် ပါရဂူကျမ်းပြုတစ်ဦး၊ ပါရဂူဘွဲ့ကြိုခြောက်ဦး၊ မဟာသုတေသန ၃၁ဦး၊ မဟာဝိဇ္ဇာ/သိပ္ပံ ၇၀၊ မဟာဝိဇ္ဇာ/သိပ္ပံ အရည်အချင်းစစ် ၄၁ ဦးနှင့် M.E ၂၇ ဦး၊ B.E ၃၄ ဦး၊ B.Tech ၁၃၆ ဦးတို့ ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ ကောလိပ်(ရန်ကုန်)က ဝိဇ္ဇာဘွဲ့ ၃၈ ဦး၊ သိပ္ပံဘွဲ့ ၆၀၊ အေဂျီတီအိုင်ဒီပလိုမာ ၃၉ ဦး ပေါင်း ၁၃၇ ဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)က ဝိဇ္ဇာဘွဲ့ ၂၁ ဦး၊ သိပ္ပံဘွဲ့ ၆၇ ဦး၊ အေဂျီတီအိုင်ဒီပလိုမာ ၄၂ ဦး ပေါင်း ၁၃၀၊ ဒီဂရီကောလိပ်နှစ်ခုက စုစုပေါင်း သင်တန်းဆင်း ၂၆၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

မျက်မှောက်ခေတ် အချိန်အခါသည် နိုင်ငံတော်၌ ဒီမိုကရေစီအသွင်ကူးပြောင်းရေး စတင်အကောင်အထည်ဖော်နေသည့်အတွက် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ဖြစ်ပေါ်မှုများကို ဆန့်ကျင်နှောင့်ယှက်နေကြသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ပေါင်းစုံကိုလည်း အမျိုးသားရေးသတိ၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အင်အားအပြည့်ဖြင့် ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း။

အထူးအလေးထား

နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ "သမိုင်းရဲ့ သင်ခန်းစာအရ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒီ့တာဝန်အရေးသုံးပါးဟာ ကျွန်တော်တို့လက်ထက်သာမက နောင်သားစဉ်မြေးဆက် လက်ထက်အထိပါ ကမ္ဘာတည်သရွေ့ နိုင်ငံသားတိုင်း လိုက်နာဆောင်ရွက်သွားကြရမယ့် အမျိုးသားရေး တာဝန်ဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရ လက်ထက်မှာလည်း ဒီတာဝန်ကြီးသုံးရပ်ကို ဦးထိပ်ပန်ဆင်ပြီး ဆက်လက်သယ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးသဖြင့် အထူးအလေးထား တည်ဆောက်သွားရန် မိန့်ကြားခဲ့ကြောင်း။

ကျောင်းဆင်း တိုင်းရင်းသား လူငယ်များအနေဖြင့် သင်ကြားပေးလိုက်သည့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးများကို ခိုင်မြဲအောင်၊ ထူးချွန်ထက်မြက်အောင် အားထုတ်ပြီး တာဝန်ထမ်းဆောင်ရမည့် နယ်မြေဒေသအသီးသီးကို သွားရောက်၍ ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်နှင့် နိုင်ငံ့အကျိုးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မိမိတို့တာဝန်ထမ်းဆောင်ရမည့် ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဂုဏ်ပြုလက်မှတ်

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ ကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ် (၁၀)မှ ဝိဇ္ဇာဘာသာထူးချွန်ဆုရ ချင်းပြည်နယ် ကန်ပက်လက်မြို့မှ ချင်းတိုင်းရင်းသား မောင်လိန်းနိုင်၊ သိပ္ပံဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် တာချီလိတ်မြို့မှ ရှမ်းတိုင်းရင်းသား မောင်ကျော်ထွန်းနှင့် အင်ဂျင်နီယာ ဘာသာထူးချွန်ဆုရ စစ်ကိုင်းတိုင်း ဒေသကြီး ခန္တီးမြို့မှ နာဂတိုင်းရင်း သား မောင်ဝင်းမင်းထွန်းတို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သာသနာရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အဘိဓမ္မာ (ရိုးရိုး)သုံးဆင့်လုံးတွင် တစ်နိုင်ငံလုံး ထူးချွန်ပထမဆုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် သုံးဆင့်လုံး၌ ပထမဆုရရှိခဲ့သော တတိယနှစ် သိပ္ပံကျောင်းသား ကယားတိုင်းရင်းသား မောင်မီးရယ်ချို၊ အဘိဓမ္မာ (ရိုးရိုး)သုံးဆင့်လုံးတွင် တစ်နိုင်ငံလုံး ထူးချွန်ဒုတိယဆုနှင့် ရန်ကုန်တိုင်း ဒေသကြီးတွင် သုံးဆင့်လုံး၌ ဒုတိယ ဆုရရှိခဲ့သော တတိယနှစ် သိပ္ပံ ကျောင်းသား ပလောင်တိုင်းရင်းသား မောင်အိုက်ငိုင်၊ အဘိဓမ္မာ(ရိုးရိုး) သုံးဆင့်လုံးတွင် တစ်နိုင်ငံလုံးထူးချွန် တတိယဆုနှင့် ရန်ကုန်တိုင်း ဒေသကြီး တွင် သုံးဆင့်လုံး၌ တတိယဆုရရှိခဲ့ သော တတိယနှစ် ဝိဇ္ဇာကျောင်းသား ချင်းတိုင်းရင်းသား မောင်သန်းထွန်း လေး အပါအဝင် အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)ဝိသုဒ္ဓိမဂ် စာမေးပွဲတို့တွင် ထူးချွန်ဆုရရှိသူ ၁၇ ဦးတို့အား ဆုများချီးမြှင့်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး၊ ရန်ကုန် တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်း ဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများသည် သင်တန်းဆင်း ကျောင်းသားများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီးသင်တန်းဆင်း ကျောင်းသားများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ ကောလိပ် (ရန်ကုန်)မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင်သင်တန်းအောင်မြင်သူများမှာ ဝိဇ္ဇာဘွဲ့ ၃၈ ဦး၊ သိပ္ပံဘွဲ့ ၆၀၊ အေဂျီတီအိုင်ဒီပလိုမာ ၃၉ ဦး စုစုပေါင်း ၁၃၇ ဦးတို့ ဖြစ်ပြီး ယင်းတို့မှာ ကချင်တိုင်းရင်းသား နှစ်ဦး၊ ကဒူးတိုင်းရင်းသား တစ်ဦး၊ ကနန်းတိုင်းရင်းသား နှစ်ဦး၊ ကယား တိုင်းရင်းသား ငါးဦး၊ ကယန်း တိုင်းရင်းသား ခုနစ်ဦး၊ ကရင် တိုင်းရင်းသား ၁၃ ဦး၊ ခမီ တိုင်းရင်း သား လေးဦး၊ ချင်းတိုင်းရင်းသား ၁၀ ဦး၊ ဒိုင်းနက်တိုင်းရင်းသား တစ်ဦး၊ ဓနုတိုင်းရင်းသား ကိုးဦး၊ နာဂ တိုင်းရင်းသား ၁၃ ဦး၊ ပလောင် တိုင်းရင်းသား ၁၂ ဦး၊ ပအိုဝ်း တိုင်းရင်းသား ငါးဦး၊ မွန်တိုင်းရင်း သား ငါးဦး၊ ရခိုင်တိုင်းရင်းသား ၁၂ ဦး၊ ရှမ်းတိုင်းရင်းသား ၂၁ ဦး၊ သက် တိုင်းရင်းသား သုံးဦး၊ အင်းသား တိုင်းရင်းသား ခြောက်ဦး၊ အာခါ တိုင်းရင်းသား ခြောက်ဦး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဒဂုံမြို့သစ်မြို့နယ် ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန် ဧက ၁၀၀၀၀အတွင်း မိုးစပါး ဧက ၅၀၀စိုက်ကွင်း၌ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် စပါးပျိုးထောင်ထားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် စပါးပျိုးထောင်ထားမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြို့နယ် ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန် ဧက ၁၀၀၀၀အတွင်းရှိ ဂရင်းအေးရှားကုမ္ပဏီ၏ မိုးစပါးဧက ၅၀၀ စိုက်ကွင်း၌ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် စပါးမျိုးများ စနစ်တကျပျိုးထောင်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးအတွက် တစ်ဧက တင်း ၁၀၀အထွက် အမှန်ရရှိနိုင်မည့် သိပ္ပံနည်းကျ ပေါင်စနစ် စိုက်ပျိုးရေးနည်းပညာကို ယခုကဲ့သို့ ကျယ်ပြန့်စွာ စိုက်ပျိုးပြသခြင်းဖြင့် စပါးသီးနှံများ အမှန်အထွက် တိုးလာစေမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ သိပ္ပံနည်းကျ စိုက်နည်းစနစ်ကို တစ်နိုင်ငံလုံး လက်တွေ့ကျင့်သုံးလာကြစေရေး ပိုမိုအရှိန်အဟုန်မြှင့် လုပ်ဆောင်ပေးကြရန်လိုကြောင်း ပြောကြားပြီး စိုက်ခင်းအတွင်း ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဂရင်းအေးရှားကုမ္ပဏီဝင်းအတွင်း ပြသထားသော မြင်းကောင်ရေ ၂၂ ကောင်အားရှိ တစ်နေ့လျှင် အလုပ်ချိန် ရှစ်နာရီအတွင်း ၁၀ ဧက ကောက်စိုက်စွမ်းရည်ရှိသည့် ကောက်စိုက်စက်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဇုန်အမှတ်(၁)ရှိ ထူးထရေးဒင်း ကုမ္ပဏီလီမိတက်နှင့် ဒဂုန်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်တို့၏ တစ်ဆက်တစ်စပ်တည်း ဧက ၅၀၀ စိုက်ကွင်းအတွင်းရှိ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော ပျိုးခင်းကြီးများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၆ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်၊ မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇွန် ၅

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ်(၂၀၁၁) အစည်းအဝေးကို ဇွန် ၂၅ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းရုံး (အပေါ်ဆုံးထပ်)၌ ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဗဟိုဦးစီး အဖွဲ့ဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

မိုဘိုင်းဆက်သွယ်မှု ကွန်ရက်စနစ် တည်ဆောက်ရေးနှင့်တပ်ဆင်ရေး အခြေခံသင်တန်းဆင်း

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မိုဘိုင်းဆက်သွယ်မှု ကွန်ရက်စနစ် တည်ဆောက်ရေးနှင့် တပ်ဆင်ရေး အခြေခံသင်တန်းအမှတ်စဉ် (၁/ ၂၀၁၁)ဆင်းပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ရန်ကုန် ဇွန် ၅

ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးကဏ္ဍသည် အရေးကြီးသည့်နေရာမှ ပါဝင်သဖြင့် ဤသင်တန်းကို ဖွင့်လှစ်သင်ကြား ပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ အစိုးရနှင့် ပုဂ္ဂလိကတို့ လက်တွဲ၍ ဤမိုဘိုင်းဆက်သွယ်မှု တိုးချဲ့ရေးစီမံကိန်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကျင်းပသည့် မိုဘိုင်းဆက်သွယ်မှု ကွန်ရက်စနစ် တည်ဆောက်ရေးနှင့် တပ်ဆင်ရေး အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဆင်းပွဲအခမ်းအနား၌ ပြည်တွင်းကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများအား မှာကြားခဲ့သည်။

မှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျင်းပသည့် GSM မိုဘိုင်းစနစ်တိုးချဲ့တပ်ဆင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး ပန်ဂီရန် ဒါတို ပါဒူကာ ဟာဂျီ ဟာမစ် ဘင်ပန်ဂီရန် ဟာဂျီ မိုဟာမက် ယာဆင်၏ နေရာတွင် အငြိမ်းစားဗိုလ်မှူးကြီး ပီဟင်အိုရန် ကာယာဆီရီဖလမ်ဝမ်ဒါတို ပါဒူကာ ဟာဂျီ အဗ္ဗဒူရာမာနီဘင် ဒါတိုပါဒူကာ ဟာဂျီဘာရီယာအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

အငြိမ်းစား ဗိုလ်မှူးကြီး ပီဟင်အိုရန် ကာယာဆီရီဖလမ်ဝမ်ဒါတို ပါဒူကာ ဟာဂျီ အဗ္ဗဒူရာမာနီဘင် ဒါတိုပါဒူကာ ဟာဂျီဘာရီယာကို ၁၉၅၄ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် မွေးဖွားခဲ့သည်။

၎င်းသည် ၁၉၇၅ခုနှစ်မှ စတင်၍ တော်ဝင်ဘရူနိုင်း-မလေးတပ်ဖွဲ့သို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ ဘရူနိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် ဘရူနိုင်းတော်ဝင်တပ်မတော်တွင်လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ဘရူနိုင်းတော်ဝင်တပ်မတော်(ကြည်း)တွင် လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

အငြိမ်းစား ဗိုလ်မှူးကြီး ပီဟင်အိုရန် ကာယာဆီရီဖလမ်ဝမ်ဒါတို ပါဒူကာ ဟာဂျီ အဗ္ဗဒူရာမာနီဘင် ဒါတိုပါဒူကာ ဟာဂျီဘာရီယာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသုံးဦးနှင့် သမီးနှစ်ဦးရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးသိန်းအောင် မှန်စက်ရုံ(ပုသိမ်)ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းက မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မှန်စက်ရုံ (ပုသိမ်) စက်ရုံအစည်းအဝေးခန်းမ၌ မှန်စက်ရုံ (ပုသိမ်)မှ စက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် တက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

စီမံဆောင်ရွက်

ထို့နောက် စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးမည့် မှန်စက်ရုံ (ပုသိမ်)၏ မှန်ရည်ကျိုမီးဖို အကြီးစားပြုပြင်ခြင်းလုပ်ငန်း (Cold Repair) ဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် အကြီးစားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ချက်များ ပြုစုတင်ပြရန်၊ Cold Repair မပြုလုပ်မီ ကုန်ထုတ်လုပ်မှုကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန်၊ Cold Repair ပြီးပါက ယခုထက် အရည်အသွေးပိုမိုကောင်းမွန်ပြီး အများပြည်သူအကြိုက်မှန်များ ပြင်ဆင်ထုတ်လုပ်နိုင်ရေးကြိုတင် စီမံဆောင်ရွက်ထားရှိရန်နှင့် မီးဖိုသက်တမ်းကာလအတွင်း အန္တရာယ်ကင်းရှင်းစွာဖြင့် သက်တမ်းအပြည့်အဝအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိရန် မှာကြားခဲ့သည်။

မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်ရုံဝင်းအတွင်း မှန်ထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းမွန်ရေး၊ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းကတ္တရာလမ်းများ ကောင်းမွန်စေရေးအတွက် ဒူဝါဇော်လွမ်းလမ်းပေါ်ရှိ ကတ္တရာဖာထေးခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးယုန်ဖုမေ ၂၁ ရက်က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဝင်းမြင့်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးရွာသွန်းမှုများ

၅-၆-၂၀၁၁

ကလေးဝမြို့	၁ ဒသမ ၇၀ လက်မ
မိုးကုတ်မြို့	၁ ဒသမ ၄၉ လက်မ
ပြည်မြို့	၁ ဒသမ ၄၂ လက်မ
လှိုင်ကော်မြို့	၁ ဒသမ ၄၂ လက်မ
ပြင်ဦးလွင်မြို့	၁ ဒသမ ၃၀ လက်မ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မလေးရှားနိုင်ငံ သံအမတ်ကြီး ဒါတိုမက်ဇ်လမ် မိုဟာမက်၏ နေရာတွင် ဒေါက်တာ အာမတ်ဖိုင်ဆဲလ် ဘင် မိုဟာမက်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူပြီးဖြစ်သည်။

ဒေါက်တာအာမတ်ဖိုင်ဆဲလ် ဘင် မိုဟာမက်ကို ၁၉၇၀ ခုနှစ် မေ ၂၄ ရက်တွင် မလေးရှားနိုင်ငံ ကီလန်တန်မြို့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် လန်ဒန်မြို့ရှိ စီးပွားရေးနှင့်နိုင်ငံရေးသိပ္ပံကျောင်းမှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့သည်။

၎င်းသည် ၁၉၉၄ ခုနှစ်မှ စတင်၍ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ရုရှားနိုင်ငံဆိုင်ရာ မလေးရှားသံရုံးတွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ယနေ့အထိ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မလေးရှားသံရုံးတွင် ဒုတိယသံရုံးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **(သတင်းစဉ်)**

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်အရ တရုတ်နိုင်ငံမှ တင်သွင်းသော ကျင်းထုံခြင်ဆေးခွေတွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင် တင်ပြထားခြင်းမရှိသော Meperfluthrin အမျိုးအစား ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ပါဝင်မှုပမာဏမှာလည်း ကျင်းထုံအပြာရောင်ဘူးတွင် ဝ ဒသမ ဝ၆၄၁ ရာခိုင်နှုန်း၊ အနီရောင်ဘူးတွင် ဝ ဒသမ ၁၁၅၉ ရာခိုင်နှုန်း၊ အစိမ်းရောင်ဘူးတွင် ဝ ဒသမ ၁၁၂၉ ရာခိုင်နှုန်းပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့် ပမာဏ ဝ ဒသမ ဝ၄ ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက်စေပါသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေတင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသောခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှု စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တရုတ်နိုင်ငံမှ တင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေး ကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
- ၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၀ ၈။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၃၀ ၉။ အတီးပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏

ညပိုင်း

- ၄:၀၀ ၁။စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်-(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၅:၁၀ ၈။ **မြေဆီစိုခိုက်သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့**
- ၅:၂၀ ၉။ မြန်မာစာမြန်မာစကား
- ၅:၃၅ ၁၀။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ဆိုကြမယ်၊ ဖျော်ကြမယ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၃၇)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကမ္ဘာ့ကျော်သရုပ်ဆောင်များ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၃)
- ၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

အားကစားလေ့ကျင့်ရေးနှင့် ပညာသင်ကြားရေး ဟန်ချက်ညီညီ တိုးတက်မှုရရှိအောင် အစွမ်းကုန်ကြိုးစား

နေပြည်တော် ဇွန် ၅

သွေးသစ်လောင်းနိုင်မည့် ထူးချွန်သော မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး အထောက်အကူဖြစ်စေရန် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကို ၂၀၀၂ခုနှစ် ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်ပေးခဲ့ရာ ယခုပညာသင်နှစ်တွင် ဒသမအကြိမ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ အဖွဲ့ချုပ်အသီးသီးသို့ ပဏာမလက်ရွေးစင် ၃၆၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်တန်းအလိုက် နိုင်ငံ့လက်ရွေးစင်အဖြစ် နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့ ၂၇၈ဦး ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့သည့်အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းတို့တွင်စုစုပေါင်း သင်တန်းသား ၄၁၉ ဦးနှင့် အားကစားနည်း ၁၅ မျိုးကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းဖြင့် မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက ဇွန် ၄ရက် နံနက် ၁၀ နာရီ မန္တလေးမြို့ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း အားကစားခန်းမ၌ ကျင်းပသည့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)၏ ၂၀၁၁-၂၀၁၂ခုနှစ် ပညာသင်နှစ်အတွက် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစား လေ့ကျင့်ရေး သင်တန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ကျောင်းမှချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကိုတိတိကျကျလိုက်နာသွားကြရန်၊ အားကစားလေ့ကျင့်ရေးနှင့်ပညာသင်ကြားရေးကိုလည်း အာရုံစူးစိုက်ကာ ဟန်ချက်ညီညီ တိုးတက်မှုရရှိစေရေးအတွက်လေးလေးနက်နက် အစွမ်းကုန်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စေတနာရှင်များက အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ACE ဆောက်လုပ်ရေးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးစံကိုကိုတင့်ဆန်း-ဒေါ်မိုးနွယ်ဦးတို့က ငွေကျပ်သိန်း၁၅၀၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးရွှင်ချောက်(AAA) ဘိလပ်မြေစက်ရုံက ငွေကျပ် ၁၀ သိန်းနှင့် ကျန်အလှူရှင် ၁၀ ဦးတို့က ငွေကျပ်၂၇သိန်း ၅သောင်းတို့ကို ပေးအပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ

လားရှိုးမြို့၌ ကျင်းပ

လားရှိုး ဇွန် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့၏၂၀၁၁-၂၀၁၂ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက လားရှိုးမြို့ အမှတ်(၁)ရဲစခန်း ရဲသူရိန်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်က အမှာစကား ပြောကြားပြီး**(အပေါ်ပုံ)** ပြည်နယ်ရုံး၊ ခရိုင်ရုံး၊ ယာဉ်ထိန်း/မှုးယစ်(အထူး)နှင့် မြို့နယ်အတွင်းရှိ တပ်ဖွဲ့ဝင်သားသမီး ၃၀၀အတွက် ပညာသင်စရိတ်စုစုပေါင်းငွေကျပ်၂၄၆၂၂၈၀၀နှင့် ကျောင်းသုံးဗလာစာအုပ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း **မှုခင်းသတင်း**

ခရီးသည်တင်မှန်လုံယာဉ်ကား လမ်းဘေးဓာတ်တိုင်ဝင်တိုက်

ရွှေတောင် ဇွန် ၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မြောက်ဘက် ပြည်-ရန်ကုန်လမ်းတွင် ခရီးသည်တင် မှန်လုံယာဉ်ကား အရှိန်မထိန်းနိုင်သဖြင့် လမ်းဘေးရှိ ဓာတ်တိုင်နှင့် ခြံဝင်းအတွင်းရှိ မန်ကျည်းပင်ကို ဝင်တိုက်ပြီး ယာဉ်မောင်းတစ်ဦး အခင်းဖြစ်ရာနေရာ၌ပင် သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။

သေဆုံး

ဖြစ်ပွားပုံမှာ ဇွန် ၄ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က ယာဉ်မောင်း ကိုမျိုး(ခ) ကိုမျိုးဝင်းသန်း အသက် (၃၅)နှစ် (ဘ) ဦးမဲ ကြံခင်းမြို့နေသူသည် ၄ခ/---- ကနောင်မင်းသား မှန်လုံယာဉ်ကားဖြင့် ခရီးသည်များ တင်ဆောင်၍ ရန်ကုန်မှ ပြည်သို့မောင်းနှင်လာရာ ရွှေတောင်မြို့နယ် ရဲစခန်း မြောက်ဘက် ၂ မိုင်ခွဲခန့်၊ ပြည်-ရန်ကုန်လမ်း ပုရပိုက်တန်းရွာ မိုင်တိုင် (၁၇၂/၃)အကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ဓာတ်တိုင်အား ဝင်တိုက်ပြီး ၎င်းမှတစ်ဆင့် နေအိမ်ခြံဝင်းအတွင်းရှိ မန်ကျည်းပင်ကို ဝင်တိုက်ရာ ယာဉ်မောင်း ကိုမျိုး(ခ) ကိုမျိုးဝင်းသန်းမှာ ဦးခေါင်းကြေမွဒဏ်ရာဖြင့် အခင်းဖြစ်နေရာမှာပင် သေဆုံး သွားသည်။

ယာဉ်နောက်လိုက်များဖြစ်ကြသော ကိုကျော်သူ အသက် (၂၃)နှစ် (ဘ) ဦးမြင့်သူနှင့် ကိုစိုးလင်းဦး အသက်(၂၄)နှစ် (ဘ)ဦးခင်စိုးတို့နှင့်အတူ ခရီးသည် နှစ်ဦးမှာ ဒဏ်ရာများ အသီးသီးရရှိခဲ့ကြကြောင်း သိရှိရသည်။ **(၁၁၆)**

ဖြူးမြို့နယ် ညောင်ကားယားရွာအနီး လူသတ်မှုဖြစ်ပွား

ဖြူး ဇွန် ၅

မေ ၃၁ ရက် နံနက်က ဖြူးရဲစခန်းတောင်ဘက် တစ်မိုင်ခွဲခန့် ရန်ကုန်-မန္တလေးကားလမ်းဟောင်း ညောင်ကားယားရွာအနီး မိုင်တိုင် (၁၄၀/၁) ကားလမ်းဘေး၌ လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မေ ၃၁ ရက် နံနက်ပိုင်းက ဖြူးမြို့နယ် ချင်းခင်ကျေးရွာအုပ်စု သပြေလှရွာမှ မစန်းဝါ(ဘ)ဦးမန်းခင်(ပန်းရောင်း)သူက ၎င်း၏ မိခင်ဖြစ်သူ သပြေလှရွာနေ ဒေါ်တင်မွေး အသက်(၅၅)နှစ်(ဘ)ဦးဖိုးခွေးသည် ဖြူးမြို့သို့ပန်းရောင်းရန်အသွားတွင် ညောင်ကားယားရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဘေး၌ ဒဏ်ရာဖြင့်သေဆုံးနေသဖြင့် အရေးယူပေးရန် ဖြူးရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့သည်။

ထို့နောက် ဖြူးမြို့နယ် ရဲစခန်းမှူး ရဲအုပ်အုန်းကျော်နှင့်အဖွဲ့က အခင်းဖြစ်ပွားရာနေရာသို့ သွားရောက် စုံစမ်းစစ်ဆေးရာ ယာကျောကုန်းနှင့် ဝဲရင်ဘတ်တွင် ဒဏ်ရာတစ်ချက်စီ ရရှိသေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရပြီး ဖြူးဆေးရုံသို့ ပေးပို့ခဲ့သည်။

ရှောင်တိမ်းသွားသော လူသတ်တရားခံကို ၂၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့ရာ ၎င်းမှာ ဖြူးမြို့ သိမ်ကုန်းရပ်ကွက် ဗထူး(၅)လမ်းနေ မောင်ဦး(ခ)ဝဏ္ဏ အသက်(၃၄)နှစ်(ဘ)ဦးတင်မြင့်ဖြစ်ပြီး ၎င်းက ဖြောင့်ချက်ပေးဝန်ခံသဖြင့် ဖြူးရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ *(၁၁၃)*

မေ ၂၉ရက်က ပုသိမ်မြို့အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးသန်းလွင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများက မင်းကြီးလမ်းနှင့် စံစီဖိုးလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်းမှ အမှိုက်များကို စုပေါင်းရှင်းလင်းကြစဉ်။ (၀၀၇)

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အမြို့မြို့ အနယ်နယ်တွင် ဆောင်ရွက်

ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မေ ၂၇ ရက်က အရှေ့ဘက်ကမ်းရပ်ကွက် မူလတန်းကျောင်းတွင် အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦး ဦးဆောင်၍ ခြင်ဆေးဖျန်းခြင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးတို့ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ ဇွန် ၄ ရက်က ပခုက္ကူမြို့ ပညာရေးကောလိပ်နှင့် လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ ခြင်ဆေးဖျန်းခြင်းဆောင်ရွက်ကြစဉ်။ (၁၀၂)

နမ္မတူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးအောင်မျိုးဇော်(အငယ်တန်းအင်ဂျင်နီယာ-၂)နှင့်အဖွဲ့ ဝန်ထမ်းများ မေ ၂၈ ရက်က မြို့မဈေး၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးဆန်မင်းက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ၌ သွေးလွန်တုပ် ကွေးရောဂါကာကွယ်တားဆီးရေးအတွက် သောက်သုံးရေများကို အဘိတ်ဆေး ခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် အသိပေးခြင်းလုပ်ငန်းကို ဇွန် ၃ရက်က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝေဝေအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းကို မေ ၃၁ ရက်က ဖျာပုံမြို့ (၅)လမ်း စံပြအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပစဉ်။ (ခရိုင် ပြန်/ဆက်)

လုပ်ငန်းများတိုးတက်အောင်မြင်ရေး အထူးကြိုးစားလုပ်ကိုင် မိုးရာသီ၌ လမ်းများပျက်စီးမှုနည်းရေးဆောင်ရွက်

နေပြည်တော် ဇွန် ၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံစီမံကိန်းအထူးအဖွဲ့များမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယ အင်ဂျင်နီယာမှူးကြီးများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဇွန် ၂ရက် နံနက် ၉ နာရီက နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ(**အောက်ပုံ**)ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနကတာဝန်ယူဆောင်ရွက်နေသော လမ်းများ၊ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော လမ်းများ တိုးတက်ကောင်းမွန်ရေး၊ မိုးရာသီလမ်းများသွားလာနိုင်ရေးနှင့် မိုးရာသီ လမ်းများပျက်စီးမှုနည်းပြီး ပြတ်တောက်မှု မရှိစေရေးတို့အတွက် နယ်မြေအလိုက် အင်ဂျင်နီယာမှူးကြီးများက ကြီးကြပ်ဆောင်ရွက်ရန် စသည်ဖြင့် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့်ဦးကျော်လွင်တို့က လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အင်ဂျင်နီယာမှူးကြီးများက မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် PSI Myanmar မှ Country Director သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO နှင့် တတိယ အတွင်းဝန် Ms. Makiko Asami တို့သည် ဇွန် ၃ရက်နံနက် ၁၁နာရီတွင်လည်းကောင်း (**ယာပုံ**)၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Population Services International (PSI) Myanmar အဖွဲ့မှ Country Director, Mr. John David Hetherington သည် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် ဆွေးနွေးရာ၌ ကျေးလက်ဒေသကျေးရွာများသို့ တိုင်းရင်းဆေးသေတ္တာများ ဝေငှရေး၊ ကျေးလက် ကျန်းမာရေးဌာနများ တည်ဆောက်ပြုပြင်ရေး၊ ကာကွယ်ဆေးထိုး လုပ်ငန်းကိစ္စရပ်များတွင် ပိုမိုပံ့ပိုးကူညီရေးနှင့် ဂျပန်နိုင်ငံသို့ ကျန်းမာရေး ဝန်ထမ်းများ ပညာသင်စေလွှတ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

PSI Myanmar အဖွဲ့နှင့် ဆွေးနွေးရာတွင် လူမှုရေးအသင်းအဖွဲ့များနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းအောင်မြင်မှုများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံယူ

အစ်မကြီး ဒေါ်မြီလန်းအား ရည်စူး၍ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နေ ညီမဖြစ်သူ ဒေါ်မြီချန်းက မေ ၁၅ ရက်တွင် လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း ကြည့်မြင်တိုင်သို့ ကွန်ပျူတာ ဝယ်ယူရန်အတွက် ငွေကျပ်သုံးသိန်းကို လှူဒါန်းရာ ဒုတိယကျောင်းအုပ်ကြီး ဒိုင်ဒိုဒါက် လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၅

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖနှင့်လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ၂၀၁၁-၂၀၁၂ပညာသင်နှစ် မူလတန်းအဆင့် အမက(၁) ကျောင်းသားကျောင်းသူများအား စာရေးကိရိယာ ထောက်ပံ့ လှူဒါန်းပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက ၃၀ ရပ်ကွက် သီရိအောင်မြေ ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြရာ ထောက်ပံ့ပစ္စည်းမှာစုစုပေါင်းတန်ဖိုးငွေကျပ်၂၇၇၄၅၀ ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း သတင်းအတိုအထွာ

တရုတ်ရုပ်ရှင်ပွဲတော် မကြာမီ ကျင်းပမည်

ရန်ကုန် ဇွန် ၅

တရုတ်ရုပ်ရှင် ရက်သတ္တပတ်ပွဲတော် (Chinese Movie Week) ကို မြန်မာနိုင်ငံ၌ ဇွန် ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နေပြည်တော် Junction ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်ပွဲတော်တွင် တရုတ်ရုပ်ရှင်ဇာတ်ကားငါးကား ပြသမည်ဖြစ်ပြီး ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံ၌လည်း ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မောင်ဇော်-သတင်းစဉ်)

ချေးငွေဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပင်းတယ ဇွန် ၅

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပင်းတယဘဏ်ခွဲ၏ ချေးငွေထုတ်ချေးရေးဆိုင်ရာ ချေးငွေအကြံပေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၉ရက်က ဘဏ်ခွဲခန်းမ၌ကျင်းပရာ ဘဏ်ခွဲမန်နေဂျာ ဦးမြင့်စိုးက ချေးငွေလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးချိုနိုင်ထွန်းနှင့် မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးစိုးသန်းတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ချေးငွေလုပ်ငန်းများကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝက်နားရွက်ပြာရောဂါအကြောင်း မိုင်းဆတ်၌ ဟောပြော

မိုင်းဆတ် ဇွန် ၅

မိုင်းဆတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဝက်နားရွက်ပြာရောဂါအကြောင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၂၇ရက် မွန်းလွဲ ၂နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သီရိရတနာခန်းမ၌ ကျင်းပရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုင်းအောင်နိုင်ဆွေက ဝက်နားရွက်ပြာရောဂါအကြောင်း၊ ရောဂါကူးစက်ရခြင်းအကြောင်းနှင့် ကာကွယ်ရေးလုပ်ငန်းများအကြောင်းကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။ *(ခရိုင် ပြန်/ဆက်)*

ကူးစက်ရောဂါကာကွယ်ရေး ဖျာပုံ၌ ပညာပေး

ဖျာပုံ ဇွန် ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် တီရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၃၁ရက် ညနေ ၃နာရီက ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာမောင်မြက ကျွဲ၊ နွားကူးစက်ရောဂါများနှင့် ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ ***(ခရိုင် ပြန်/ဆက်)***

ကျေးရွာများသို့ ကွင်းဆင်းဆေးကုသပေး

မင်းဘူး ဇွန် ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပေးအပ်ထားသော ကျေးရွာများသို့ မေ ၁၉ ရက်နှင့် ၂၆ ရက်တို့တွင် မင်းဘူးခရိုင် တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းဟန်နှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ခိုင်ဇာလွင်တို့ ကွင်းဆင်း ဆေးကုသပေးကာ ကျေးရွာပြည်သူများအား ခရိုင် တိုင်းရင်းဆေးမှူးက ကျန်းမာရေးပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

သစ်လွင်လှပသာယာစွာ တွေ့မြင်ရတော့မည့် တာလေမြို့

မောင်ယဉ်ကျေး (တာချီလိတ်)

နေပြည်တော် ဇွန် ၅

၂၀၁၁ ခုနှစ် မေလ ၃၀ ရက်နေ့…။

ထွက်ခွာ

အရုဏ်မတက်မီကပင် သည်းထန်စွာ ရွာသွန်းလျက်ရှိသော မိုးကြောင့် ရာသီဥတုက အေးမြလျက်ရှိသည်။ သို့သော်လည်း အငြိုးတကြီး ရွာသွန်းလျက်ရှိသော မိုးရေကို အမှုမထားနိုင်၊ လွန်ခဲ့သောမတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ဒဏ်ကြောင့် အိုးအိမ်များ ပြိုကျပျက်စီးခဲ့ရသည့် တာလေမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့် ပြည်တွင်းပြည်ပမှ အလှူရှင်များ၏ စေတနာတရားတို့ ပေါင်းစပ်ကာ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား မှတ်တမ်းတင်နိုင်ရေးအတွက် မြန်မာ့အလင်းသတင်းအဖွဲ့သည် တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထူး၏ စီစဉ်ပေးမှုဖြင့် တာချီလိတ်မြို့မှ မိုင်၂၀ ကျော် ကွာဝေးသည့် တာလေမြို့သို့ မိုးသည်းသည်းကြားမှပင် ခရီးထွက်ခွာခဲ့ကြသည်။

“ဒီဆေးရုံအတွင်းမှာ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း စတာတွေကို ပြည့်စုံစွာ စီမံထားရှိပါတယ်”

ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာ ကံဦးအောင်။

မေးမြန်းခွင့်

လွန်ခဲ့သော နှစ်လကျော်က မြေပြင်ပေါ် ပြားပြားဝပ်ပြိုကျပျက်စီးခဲ့ရသော တာလေမြို့လေးကား ယခုအခါ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိနေသည်။ စာရေးသူတို့အဖွဲ့သည် ရှေးဦးစွာ တာလေမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ပညာ) ဦးအောင်ချိန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီခင်တို့အား အခန့်သင့်ပင် တွေ့ရှိရသည့်အတွက် သိရှိလိုသောအချက်အလက်များကို မေးမြန်းခွင့်ရရှိခဲ့သည်။

ခေတ်မီအဆောက်အအုံ

“ဇွန်လ ၁ ရက်နေ့ကစလို့ ကျောင်းတွေကို ပုံမှန်အတိုင်းဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ပြိုကျပျက်စီးသွားတဲ့ ကျောင်းအများစုဟာ ယခင်က ရိုးရိုးသွပ်မိုး၊ သစ်သားကျောင်းဆောင်တွေသာဖြစ်ပြီး ယခုပြန်လည်တည်ဆောက်တဲ့ စာသင်ဆောင်တွေကတော့ သွပ်မိုး၊ သံဒိုင်း၊ သံကူကွန်ကရစ်နဲ့ ခေတ်မီအဆောက်အအုံတွေဖြစ်ပါတယ်။ ယခုဆိုလျှင် Multi-Media Room တွေကိုပါ ထည့်သွင်း တည်ဆောက်ထားပြီး သင်ထောက်ကူပစ္စည်းတွေကိုလည်း ပြည့်ပြည့်စုံစုံ တပ်ဆင်ပေးထားပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ကျန်းမာရေးအတွက် သန့်ရှင်းတဲ့ သောက်သုံးရေရရှိအောင် စီမံပေးထားသလို ခေတ်မီ ရေလောင်းအိမ်သာတွေကိုလည်း ထည့်သွင်း တည်ဆောက်ပေးထားပါတယ်” ဟု ညွှန်ကြားရေးမှူး (ပညာ) ဦးအောင်ချိန်က ရှင်းလင်းပြောကြားသည်။

မှတ်တမ်းတင်

ထို့နောက် တာလေမြို့အတွင်း တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သော အဆောက်အအုံများ၊ ရာခိုင်နှုန်းပြည့် ပြီးစီးလု ဖြစ်နေပြီဖြစ်သော လူနေအိမ်များအား တွေ့မြင်မှတ်တမ်းတင်နိုင်ခဲ့သည်။

ဆက်လက်ပြီး စာရေးသူတို့ ရာခိုင်နှုန်းပြည့်ပြီးစီးနေသည့် တာလေမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိခဲ့ရာ ယာယီပြည်သူ့ဆေးရုံအတွင်း လူနာများအား နွေးထွေးစွာ ကုသစောင့်ရှောက်လျက်ရှိသည့် တာဝန်ခံဆရာဝန် ဒေါက်တာကံဦးအောင်နှင့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံမေးမြန်းခဲ့သည်။

တာလေအထက ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

တာလေမြို့ ပြည်သူ့ဆေးရုံ တည်ဆောက်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

ရှင်းပြ

“ဒီယာယီဆေးရုံအတွင်း ရုံးခန်း၊ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းစတာတွေကို ပြည့်စုံစွာ စီမံထားရှိပြီး နေ့စဉ် ကုသရေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် လူထုကျန်းမာရေး ကွင်းဆင်းလုပ်ငန်းတွေဖြစ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ဆေးဝါးကုသခြင်းလုပ်ငန်းတွေကို နေ့စဉ် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်” ဟု တာဝန်ခံဆရာဝန် ဒေါက်တာ ကံဦးအောင်က ရှင်းပြသည်။

ဖြန့်ဝေပေး

ထို့နောက် စာရေးသူတို့ မြေငလျင်ဒဏ်သင့်ဒေသ ပြန်လည်ထူထောင်ရေးစခန်းသို့ ဆက်လက်ထွက်ခွာခဲ့ကြရာ တာလေမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းသည့် တစ်စုံလျှင် ကျပ်ခြောက်သောင်းငါးထောင်တန်ဖိုးရှိ Kitchen Set အစုံတစ်ထောင်ကို ကျေးရွာတစ်ရွာချင်းအလိုက် မြေငလျင်ဒဏ်သင့် ပြည်သူများအား တစ်အိမ်ထောင်လျှင် တစ်စုံနှုန်းဖြင့် စနစ်တကျ ဖြန့်ဝေပေးနေသည်ကို တွေ့ခဲ့ရသည်။

အိပ်မက်ဆိုးကြီးပမာ တွေ့ကြုံခဲ့ရသည့် အင်အားပြင်းမြေငလျင်ဒဏ်ကြောင့် တာလေမြို့နှင့် ပတ်ဝန်းကျင်ဒေသများသည် ကြီးမားသောပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ကြရသော်လည်း နိုင်ငံတော်အစိုးရနှင့် စေတနာရှင်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာစောင့်ရှောက်မှုများကြောင့် ပြာပုံအတွင်းမှ ပြန်လည်ရှင်သန်ခဲ့ရသော ဖီးနစ်ငှက်အလား သစ်လွင်သော အားမာန်တို့ဖြင့် ပြန်လည်နိုးထလာမည့် တာလေမြို့ကလေးကို မကြာမီကာလအတွင်း သာယာလှပစွာတွေ့မြင်ရတော့မည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း မှတ်တမ်းပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

တာလေမြို့အတွင်း နေအိမ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

ပညာသင်စရိတ်နှင့်ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့အနယ်နယ်၌ ထောက်ပံ့ပေးအပ်

ကွမ်းခြံကုန်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့နှင့် ပညာသင်ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားကို မေ ၂၇ ရက်က အထက(၂) ဇာတိမာန်ခန်းမ၌ကျင်းပရာ အလှူရှင်များကလှူဒါန်းသော ငွေကျပ် ၄၆၈၂၇၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်ရှိ အမက (၂၈)၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မေ ၂၈ ရက်က ကျောင်းခန်းမ၌ကျင်းပရာ တန်ဖိုးငွေကျပ် ၃၂၁၇၀၀ တန်ဖိုးရှိ စာအုပ်နှင့် စာရေးကိရိယာများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်သန့်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီလွင်ထံ ပေးအပ်စဉ်။ (ဝ၄၄)

ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ၂၄ ရက်က ရဲစခန်းဝင်းမြောက်ရုံ၌ကျင်းပရာ ထောက်ပံ့ငွေကျပ် ၁၂၈၀၀၀ကို စခန်းမှူး ရဲအုပ်သိန်းဝင်းနှင့်ဇနီးတို့က ကျောင်းသားကျောင်းသူများအား ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

တွံတေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၀ ရက်က မြို့နယ်တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က ကျောင်းသူတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို မေ ၂၆ ရက်က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ အလှူရှင်များက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)

* ရှေ့ဖုံးမှ

ဒီအပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်ကို အထောက်အကူပြုသည့်အနေဖြင့် ဤဆောင်ပုဒ်ကို သတ်မှတ် ထားခြင်းလည်းဖြစ်ကြောင်း။

နှိုးဆော်တိုက်တွန်း

ယခုနှစ်၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ သစ်တောများပြုန်းတီးပျက်စီးမှုကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေယိုယွင်းမှု၊ သစ်တောသစ်ပင်ကို အမှီပြု အသက်မွေးဝမ်းကျောင်းပြုနေကြသော ကမ္ဘာ့လူဦးရေသန်းပေါင်း ၁၆၀၀ အတွက် စိုးရိမ်ဖွယ်ရာအခြေအနေကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အာရုံစိုက်လာစေရန်နှင့် ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း နှိုးဆော်တိုက်တွန်းထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

သစ်တောများသည် မိမိတို့လူသားများအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေနားနေရေး၊ ရေ-မြေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုညီညွတ်မျှတရေး၊ ဇီဝမျိုးစုံထိန်းသိမ်းရေးနှင့် ကြွယ်ဝရေး၊ စားနပ်ရိက္ခာဖူလုံရေး အစရှိသည့် လူမှုစီးပွားဆိုင်ရာကိစ္စရပ်များအတွက် များစွာ အရေးပါလှကြောင်း၊ ဤကဲ့သို့ သစ်တောများ၏ ဝန်ဆောင်မှုများသည် မရှိမဖြစ်အရေးပါကြောင်း သဘောပေါက်နားလည်ပြီး မိမိတို့တစ်ဦးချင်းစီ၏ ဆောင်ရွက်မှုများက သစ်တောများအပေါ် ဆိုးကျိုးများ မဖြစ်ပေါ်ရလေအောင် သတိပြုရန်လိုကြောင်း၊ လူသားများအတွက် သစ်တောသစ်ပင်များမှ အခမဲ့ ဝန်ဆောင်ပေးနေသော သဘာဝထောက်ပံ့မှုစနစ် ပျောက်ကွယ်ပြီး သက်ရှိလောကရှင်သန်ရပ်တည်နိုင်ရန် မသေချာမရေရာသော အခြေအနေအထိ ရောက်ရှိလာနိုင်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ သစ်တောသစ်ပင်အားလုံးကို မိမိတို့သက်ဆိုင်ရာနိုင်ငံများအလိုက် ကမ္ဘာ့နိုင်ငံများအသီးသီးက ဝိုင်းဝန်းပူးပေါင်းပြီး တက်ညီလက်ညီ ထိန်းသိမ်းကာကွယ်သွားကြရန် လိုအပ်နေပြီဖြစ်ကြောင်း။

နည်းပညာအကူအညီ

ယခုအခါ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုသည့် အဓိကကဏ္ဍသုံးခုစလုံး ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် (Green Economy) ခေါ်သော ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိစေသည့် စီးပွားရေးလုပ်ငန်းကို အင်နှင့်အားနှင့်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းထားပြီး လိုအပ်သော နည်းပညာအကူအညီ၊ ပံ့ပိုးမှုများပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သစ်တောများထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး ပြောရမည်ဆိုလျှင် ၁၈၅၆ ခုနှစ်ကတည်းက သစ်တောများကို မြန်မာ့ရွေးချယ်ခုတ်လှဲမှုစနစ် (Myanmar Selection System) ဖြင့် နှစ်စဉ်ထွက်ရှိနိုင်သည့် သစ်ပမာဏထက် ပိုမထုတ်လုပ်ရန်ဆိုသော သတ်မှတ်ချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေပြီး အနာဂတ်မျိုးဆက်သစ်များအတွက် သစ်တော သယံဇာတအမွေအနှစ်များ လွှဲပြောင်းပေးနိုင်ရေးအတွက် ရှိရင်းစွဲသဘာဝသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းအပြင် နိုင်ငံတော် အစိုးရက ကျွန်းစိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်းများအပါအဝင် သစ်တောစိုက်ခင်း အများအပြားတည်ထောင်ပေးနိုင်ခဲ့သကဲ့သို့ ပုဂ္ဂလိက သစ်တောစိုက်ခင်းကိုလည်း တည်ထောင် စိုက်ပျိုးစေခဲ့ကြောင်း၊ ထို့ပြင် လူထုလှုပ်ရှားမှုသစ်ပင်စိုက်ပျိုးခြင်းကိုလည်း နှစ်စဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးမည့် အပင်ပေါင်း သန်း ၃၀ အပါအဝင် စုစုပေါင်း သစ်ပင် ၇၈ သန်းစိုက်ပျိုးရန် အစီအမံများချမှတ်ထားပြီး စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၌လည်း သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာ သုံးစွဲစေခြင်း၊ ရေရရှိရေး ဆောင်ရွက်ခြင်းတို့ကို အထူးအလေးပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လျော့နည်းပြုန်းတီး

မြန်မာနိုင်ငံအနေဖြင့် သစ်တောပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ရှေးယခင်အဆက်ဆက်ကတည်းက ဆောင်ရွက်ခဲ့သော်လည်း တစ်ဖက်တွင် တိုးပွားလာသည့် လူဦးရေအား လိုအပ်သော စားနပ်ရိက္ခာဖြည့်ဆည်းပေးရသည့်အတွက် သစ်တောများလျော့နည်းပြုန်းတီးပြီး သစ်တောမြေများလည်း လျော့နည်းလာခဲ့ရကြောင်း၊ ၁၉၇၅ ခုနှစ် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၆၁ ရာခိုင်နှုန်း၊ ၁၉၈၉ ခုနှစ်တွင် ၅၉ ရာခိုင်နှုန်း၊ ၁၉၉၈ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်း၊ ၂၀၁၀ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်းအထိ အသီးသီးကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း။

အလားတူ ပင်လယ်ကမ်းခြေရှိ ဒီရေတောများသည်လည်း ထင်းနှင့်မီးသွေးအလွန်အကျွံထုတ်လုပ်ခြင်း၊ စိုက်ပျိုးမြေ၊ ဆားကွင်း၊ ပုစွန်ကန်များ အဖြစ်ပြောင်းလဲခြင်းနှင့် ကျေးရွာများထူထောင်ခြင်းစသည်တို့ကြောင့် ပျက်စီးပြုန်းတီးခဲ့ကြရကြောင်း၊ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဒီရေတောများပျက်စီးပြုန်းတီးနေခြင်းသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့ခြင်း၏ အခြေခံအကြောင်းရင်း တစ်ရပ်ဖြစ်သည်ဟု သုံးသပ်ထားကြောင်း။

တိုက်ရိုက်ဆက်စပ်

ယခုကဲ့သို့ သစ်တောသယံဇာတအရင်းအမြစ်များ တစ်စတစ်စ လျော့နည်း ကုန်ဆုံးလာသည်နှင့်အမျှ ယင်းဒေသနေ ပြည်သူများ၏ အစားအစာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှုများကို ထိပါးစေပြီး ဆင်းရဲနွမ်းပါးမှုများ ပိုမိုဖြစ်ပေါ်လာစေကြောင်း၊ ယင်းသည် ဆင်းရဲမွဲတေမှုနှင့် သဘာဝပတ်ဝန်းကျင်တို့ တိုက်ရိုက်ဆက်စပ်နေမှု၏ ဥပမာတစ်ခုဖြစ်ကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ၂၀၁၁ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မနန်းသစ္စာအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် သစ်တောများအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာတွင် ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်အပေါ် အဆင်အခြင်မဲ့၊ အလွန်အကျွံ မှီခိုအားထားထုတ်ယူသုံးစွဲမှုများ လျော့နည်းသွားစေရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ပညာပေးတိုက်ဖျက်သွားရမည်ဖြစ်ကြောင်း။

မိန့်ကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက **"ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်ကြရာမှာ သစ်တောသစ်ပင် ထိန်းသိမ်းရေးကို အလေးထားမှာဖြစ်သလို လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုလျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး စတဲ့လုပ်ငန်းများကို ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်ကို ဟန်ချက်ညီညီနဲ့ ထိန်းညှိဆောင်ရွက်ပေးမယ့် မူဝါဒ တစ်ရပ်ကိုချမှတ်သွားရမှာဖြစ်ကြောင်း"** ထည့်သွင်းမိန့်ကြားသွားခဲ့ကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ဘက်စုံထောင့်စုံမှ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးထားပြီးလည်း ဖြစ်ကြောင်း။

သတ်မှတ်ပြဋ္ဌာန်းထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် **"နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရမည်"**ဟု ပြဋ္ဌာန်းထားသကဲ့သို့ နိုင်ငံသား၏ မူလအခွင့်အရေးနှင့်တာဝန်များ ခေါင်းစဉ်အောက်က **"နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်း ကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်"**ဟု သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

မိမိတို့တိုင်းရင်းသားလူမျိုးအသီးသီးသည် မူလကပင် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူများဖြစ်ကြသည့်အားလျော်စွာ အနာဂတ်မျိုးဆက်များအတွက် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရန် နိုင်ငံတော်အစိုးရသာမက စေတနာ ထက်သန်သော ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အသင်းအဖွဲ့ အနေဖြင့်သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်ရှင်သန်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာမှုများကို နိုင်ငံတော်အနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု ကြိုဆိုနေမည်ဖြစ်ကြောင်း။

ဆက်လက်ထိန်းသိမ်း

ယခုနှစ်ဆောင်ပုဒ်ဖြစ်သော **"သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ရေး၊ သစ်တောများကို ထိန်းသိမ်းပေး"**နှင့်အညီ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့နေရေးအတွက် အခြေခံအကြောင်းရင်းတစ်ခုဖြစ်သော သစ်တောသစ်ပင်များရေရှည်တည်တံ့စေရန် တက်ကြွစွာ အကောင်အထည်ဖော်ထိန်းသိမ်းပေးသွားကြရန်နှင့် နှစ်ရှည်လများစွာ ကြိုးပမ်းဆောင်ရွက်လာခဲ့သော မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြပါစို့ဟု တိုက်တွန်းပန်ကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်သြဝါဒါစရိယ ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ဦးစီးပဓာန မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယ၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် ကျင်းပ

နေပြည်တော် ဇွန် ၅

နိုင်ငံတော် သြဝါဒါစရိယ ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ဦးစီးပဓာန မဟာနာယက သက်တော်(၁၀၂)နှစ် သိက္ခာတော်(၈၂)ဝါရ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယ၏ အန္တိမစျာပန သာဓုကီဠနပူဇာ သဘင်ကို ၁၃၇၃ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် (ခရစ်သက္ကရာဇ် ဇွန် ၁ ရက်) မွန်းလွဲပိုင်းတွင် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်အတွင်းရှိ စံကျောင်းတော်၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် သံဃာတော်များ၊ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ရပ်ဝေးရပ်နီးပရိသတ်များ တက်ရောက် ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက ကျောင်းသုံးပစ္စည်းများ ပေးအပ်စဉ်။ (မြို့နယ်ထွေ/အုပ်)

သဝဏ်လွှာဖတ်ကြား

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် အကြီးတန်းဒုတိယဌာနေကိုယ်စားလှယ် Mr. Akbar Usmani က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်း၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Mr. Achim Steiner ၏ သဝဏ်လွှာဖတ်ကြားမှု ဗီဒီယိုကို ပြသသည်။

ဆုများချီးမြှင့်

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ သိမ့်(စီးပွားရေးတက္ကသိုလ်)၊ ဒုတိယဆုရ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၊တတိယဆုရ Br.မင်းစိုးသူရ၊ အထူးဆုများ ရရှိကြသည့် ဒေါက်တာဆန်းဝင်း၊ ဖိုးရာဇာ (သာစည်)နှင့် ဇင်ခန့်နိုင်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မနန်းသစ္စာ၊ဒုတိယဆုရ ဦးဝင်းသိန်း(ကျောင်းဆရာကိုကိုဝင်း)နှင့် တတိယဆုရ စိုးမင်းသူတို့အား ဆုများချီးမြှင့်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် အကြီးတန်းဒုတိယဌာနေကိုယ်စားလှယ် Mr. Akbar Usmani က အလွတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် အထူးဆုများ ရရှိကြသည့် ဦးအောင်သူ၊ မထက်ထက်အောင်နှင့် မောင်အားမာန်ထက်တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများ၊ ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့ ဥဿာမြို့သစ်ရှိ မြန်စတားအထည်ချုပ်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စက်ရုံများစစ်ဆေး

ရန်ကုန် ဇွန် ၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဥဿာမြို့သစ်ရှိ အင်းလေးဖိနပ်စက်ရုံနှင့် မြန်စတားအထည်ချုပ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံလုံခြုံရေးနှင့် ဝန်ထမ်းများလုံခြုံရေး အထူးဂရုပြုရန်၊ မီးအန္တရာယ်ကြိုတင်ကာကွယ်ဆောင်ရွက်ရန်၊ အလုပ်သမားများ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)
၇-၆-၂၀၁၁

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်	တေးသီချင်း	၁၈:၁၀ ညနေခင်းတေးပဒေသာ
၇:၀၅ တရားတော် (အာဋ္ဌာနာဋိယသုတ်)	၁၁:၀၀ နေ့လယ်ခင်းသတင်း	၁၈:၃၀ စာအုပ်စာပေလူ့မိတ်ဆွေ ၁။ အမေ့ထိုင်ခုံနှင့်အဖေ့ကျောပြင် (လယ်တွင်းသားစောချစ်) ၂။ မြန်မာ့တိုင်းရင်းဆေးပညာ ဒေသနာ နယဘာသာ လွယ်ကူစွာ လေ့လာနည်း (ဦးသောင်းလွင်) တေးပဒေသာ
၇:၃၀ ဓမ္မပူဇာတေး	၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ	၁၈:၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇:၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ	၁၁:၂၅ Talk on Line (ဟက်ကက်)	၁၉:၀၀ နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၈:၀၀ စံတော်ချိန် + သတင်း	၁၁:၅၀ တေးပဒေသာ	၁၉:၁၀ ဗဟုသုတလမ်းပမာနားဆင်စရာ (ပန်း၏ပုံရိပ်)
၈:၁၀ နံနက်ခင်းတေးပဒေသာ	၁၂:၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ	၁၉:၃၀ သူ့ခေတ်သူ့အခါတေးကဏ္ဍ
၈:၃၀ ဘဝအသွင်ကဗျာ့အမြင် (ပန်းတို့ကျောင်း)	၁၂:၄၀ ပြုံးပဒေသာ	၂၀:၀၀ ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၁၀:၀၀ မွေးနေ့လက်ဆောင်	၁၃:၀၀ မွန်းလွဲပိုင်းသတင်း	၂၀:၂၀ တေးစီးရီး-တိမ်တမန်သို့ ချစ်လိုလျက်နဲ့ဝေး-၂ (တေးသံရှင်များ) တေးပဒေသာ
၁၀:၃၀ သတင်းစာအာဘော်	၁၃:၁၀ တေးပဒေသာ	၂၁:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၁၀:၃၅ တေးပဒေသာ	၁၃:၃၀ အစီအစဉ်ပြီး၏။	၂၁:၃၀ ညချမ်းချိန်ခါ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးသလောက်ပေါင်းနှင့် ကင်ပွန်းချဉ်ရွက်ဟင်း)	၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ	
	၁၆:၃၀ သောတရှင်လိုရာတေး	
	၁၇:၀၀ မေတို့တွက်တာအလှကဏ္ဍ ဆံကေသာအရောင်ဆိုးတော့	
	၁၇:၁၅ ပြောပါရစေရှင် (ပျော်ရွှင်ခြင်းသော့)	
	၁၇:၂၅ သတင်းစာဆောင်းပါး	
	၁၇:၃၀ ညနေခင်းတေးပဒေသာ	
	၁၇:၄၅ စူးစမ်းရှာဖွေကမ္ဘာမြေ (၁၄)	
	၁၈:၀၀ ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်	

သုံးမြွှာပူးကလေးများ ဇလွန်ပြည်သူ့ဆေးရုံ၌ မွေးဖွား

ဇလွန် ဇွန် ၅

ဧရာဝတီတိုင်း ဒေသကြီး ဇလွန်မြို့နယ် ပြည်သူ့ဆေးရုံတွင် မေ ၁၇ ရက်က သုံးမြွှာပူးကလေးများ အောင်မြင်စွာ ခွဲစိတ်မွေးဖွားခဲ့ကြောင်း သိရှိရသည်။

အောင်မြင်စွာမွေးဖွား

ဇလွန်မြို့နယ် ဓနအေးကျေးရွာနေ ကိုသက်နိုင်ဦး၏ဇနီး မသင်းသင်းလှိုင် အသက် (၂၂)နှစ်သည် ဇလွန်ပြည်သူ့ဆေးရုံ၌ မီးဖွားရန်အတွက် ဆေးရုံတက်ရောက်ခဲ့ပြီး Ultrasound ရိုက်ခြင်းမှ အမြွှာ ကိုယ်ဝန်ဖြစ်ကြောင်းနှင့် ကိုယ်ဝန် အဆိပ်တက်ရောဂါရှိကြောင်း သိရှိရသဖြင့် မေ ၁၇ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြည်ဇာလင်းက အရေးပေါ်ခွဲစိတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် ပထမဆုံး မိန်းကလေး ၅ ဒသမ ၃ ပေါင်၊ ၁၁ နာရီ ၂ မိနစ်တွင် ဒုတိယ ယောကျ်ားကလေး ၅ ဒသမ ၁ ပေါင်၊ ၁၁ နာရီ ၅ မိနစ်တွင် တတိယယောကျ်ားကလေး ၅ ဒသမ ၁ ပေါင်ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ပါဝင်ခဲ့

ယင်းသို့ သုံးမြွှာပူးကလေး ခွဲစိတ်မွေးဖွားရာတွင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာ ကြည်ဇာလင်းနှင့်အတူ လက်ထောက်ဆရာဝန် ဒေါက်တာကျော်ဗိုလ်ထက်၊ အထက်တန်း သူနာပြုဆရာမဒေါ်အေးသန်း၊ သူနာပြုဆရာမများဖြစ်သည့် ဒေါ်စုစုအောင်၊ ဒေါ်ခိုင်ဝေဝေလှိုင်နှင့် ဒေါ်ယမင်းမာလာစိုးတို့ ပါဝင်ကူညီခဲ့ကြကြောင်းနှင့် ယခုအခါ မိခင်မသင်းသင်းလှိုင်နှင့် သုံးမြွှာပူးကလေးများအားလုံး ကျန်းမာလျက်ရှိကြောင်း သိရှိရသည်။

(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

❖ *ကျောဖုံးမှ*

လေ့လာ

ယခုအခါ အဆိုပါ လမ်းဖောက်လုပ်ရေးနှင့် လမ်းပိုင်းများတွင်ပါဝင်သော တံတားများ တည်ဆောက်ရေး လုပ်ငန်းကို

စင်းခန်း-ကသာ ၆၅ မိုင်ကားလမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်းတွင် စက်ကြီးများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေစဉ်။

အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း ကြားသိရ၍ ဧရာဝတီတံတား(စင်းခန်း)သို့ ရောက်ရှိနေသော ကျွန်တော်တို့ သတင်းအဖွဲ့သည် ဧပြီလ ၅ ရက်နေ့က မြစ်တစ်ဖက်ကမ်းကို ဇက်ရေယာဉ်ဖြင့်ကူး၍ သွားရောက်လေ့လာခဲ့ကြသည်။

ရှင်းလင်းပြသ

စာရေးသူတို့၏ စင်းခန်း-ကသာမော်တော်ကားလမ်း ၆၅ မိုင် ဖောက်လုပ်နေမှု လေ့လာရေးခရီးကို တာဝန်ခံအင်ဂျင်နီယာချုပ် (လမ်း) ဦးခင်မောင်ကျော်၏ စီစဉ်မှုဖြင့် အဆိုပါလမ်း ဖောက်လုပ်ရေးတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြသော အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၆) မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆွေနှင့် အထူးစီမံကိန်းကြီးအဖွဲ့ခွဲ (၂)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးငွေးအောင်တို့က ၄င်းတို့ တာဝန်ယူ၍ ကုမ္ပဏီများနှင့် ဖောက်လုပ်နေသည့် အပိုင်းများကို လိုက်လံရှင်းလင်းပြသကြသည်။

ဖောက်လုပ်

ကသာ-ဗန်းမော်လမ်း စီမံကိန်းသည် မူလကမီးရထားလမ်း စီမံကိန်းတစ်ခုသာ ဖြစ်သော်လည်း ဧရာဝတီတံတား(စင်းခန်း) တံတားကြီး တည်ဆောက်လိုက်ခြင်းကြောင့် ဒေသတွင်းပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူစေရေးအတွက် ရထားလမ်းနှင့် ပူးတွဲ၍ ကသာမှ စင်းခန်းကို နိုင်ငံတော်အစိုးရက မော်တော်ကားလမ်းပါ ဖောက်လုပ်ပေးနေခြင်း ဖြစ်သည်။

လမ်း ၆၅ မိုင်ကို ကသာမှ စ၍ (၀/၀) မိုင် သတ်မှတ်ပြီး ပေါမမြိုင်၊ မဲဟင်း၊ နရူး၊ ခတက်ချောင်း၊ မင်းလယ်၊ ဟဲနား၊ ဝက်စောက်၊ မိုးတားကြီး၊ ဆူးပုတ်ကုန်း၊ နန့်စန်၊ သမန်းဒေါက်၊ ချောင်းဝရွာအထိ ၂၅ မိုင် ၆ ဖာလုံကို တစ်ပိုင်းနှင့် ချောင်းဝမှ ကျောက်ကြီး၊ ကျောက်တစ်လုံး၊ တိန်စွန်း၊ စီသော်၊ စီငန်း၊ နန်းခုတ်၊ မိုးစစ်ချောင်း၊ အင့်အွန်း၊ မြို့ကုန်း၊ နောင်ပင်၊ စစ်ကိုင်အထိ ၃၉ မိုင် ၂ ဖာလုံကို တစ်ပိုင်းခွဲပြီး ဖောက်လုပ်ခြင်းဖြစ်သည်။

တစ်ကြောင်းထိုး

ကသာ-စင်းခန်း မော်တော်ကားလမ်းသည် လမ်းသစ်ဖြစ်၍ ကုမ္ပဏီများအနေဖြင့် တစ်ကြောင်းထိုးလမ်း ဖောက်လုပ်ခြင်းမှစရပြီး ပေ ၁၅၀ အကျယ်အထိ တောရှင်းခြင်း၊ ပေ ၄၀ အကျယ် မြေသားပေါင်တင်ခြင်း၊ ဒုအခြေခံလွှာခင်းခြင်း၊ အခြေခံလွှာခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ ရေပြွန်တံတားနှင့် ကွန်ကရစ်တံတားများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျောက်ချောခင်းခြင်းလုပ်ငန်းများ ရာခိုင်နှုန်း ၉၀ ကျော် ပြီးစီးလျက်ရှိနေပြီး ကတ္တရာလမ်းခင်းခြင်း ၁၅ မိုင်ခန့် ပြီးနေပြီဖြစ်သည်။

အဆိုပါ လမ်း ၆၅ မိုင်တွင် ပါဝင်သော ရေပြွန်တံတား ၂၄၅ စင်းနှင့် ပေ ၂၀ မှ ပေ ၁၃၀ အထိရှိသည့် တံတား ၁၀ စင်းတို့မှာလည်း ရာခိုင်နှုန်း ၉၀ ကျော် ပြီးနေပြီဟု သိရသည်။

တွေ့ဆုံမေးမြန်း

ကျွန်တော်တို့ သတင်းအဖွဲ့သည် ဒုတိယအင်ဂျင်နီယာမှူးကြီးများ လိုက်လံပြသသည့် လမ်းပိုင်းများ ပြီးစီးနေမှုကို မှတ်တမ်းတင်ဓာတ်ပုံများကူးသလို သိရှိလိုသော လမ်းဖောက်နေမှုအပိုင်းများကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ရှေးဦးစွာ စင်းခန်းတံတားမှ ချောင်းဝအပိုင်း ၃၉ မိုင် ၂ ဖာလုံကို ကုမ္ပဏီရှစ်ခုအား ကြီးကြပ်၍ ဆောင်ရွက်နေသော ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆွေအား မေးကြည့်ရာ ၄င်းက "ယခုလမ်းကို ၂၀၁၀ ခုနှစ် မတ်လမှ စတင်ဖောက်လုပ်ခဲ့ပါကြောင်း၊ လမ်းကိုမြေသားတာပေါင် အကျယ်ပေ ၄၀နှင့် ကတ္တရာလမ်း ၁၂ ပေခင်းမည်ဖြစ်ကြောင်း၊ မူလလမ်းဟောင်း မရှိသည့်နေရာတွင် လမ်းဖောက်ခြင်းဖြစ်၍ တောရှင်းလုပ်ငန်းမှအစ ဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတာဝန်ယူရသည့် ၃၉ မိုင် ၂ ဖာလုံအပိုင်းတစ်ခုတည်းကိုပင် ဖြတ်မြေကျင်းသိန်း ၂၀ကျော်နှင့် ဖို့မြေကျင်း ၁၅ သိန်းကျော်ဖို့ရကြောင်း၊ အတက်ကြမ်း၊ အဆင်းကြမ်းနေရာများကို ပြေပြစ်အောင် ဆောင်ရွက်ပြီးဖြစ်၍ ကျောက်ချောလမ်းအဆင့်ပြီးနေပြီး ကတ္တရာလမ်းမှာ ကသာဘက်မှ စခင်းနေပြီ ဖြစ်ပါကြောင်း" ရှင်းပြသည်။

ရာနှုန်းပြည့်

ဆက်လက်၍ ကျွန်တော်သည် ကသာ-စင်းခန်းလမ်းမှ ချောင်းဝ- ကသာအပိုင်း ၂၅ မိုင် ၆ ဖာလုံကို တာဝန်ယူဖောက်လုပ်နေသည့် ကုမ္ပဏီငါးခုကို ကြီးကြပ် ဆောင်ရွက်နေသော ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးငွေးအောင်အား မေးကြည့်ရာ ၄င်းက "၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် အထူးစီမံကိန်းကြီးအဖွဲ့ခွဲနှစ်ခု ဖွဲ့ပေးပြီး ကသာ-စင်းခန်းလမ်းမှ ကသာ- ချောင်းဝ ၂၅ မိုင် ၆ ဖာလုံကို ကသာဘက်မှ စတင်ဖောက်လုပ်ရန် ညွှန်ကြားသဖြင့် ထိုနှစ် နိုဝင်ဘာလတွင် စတင်ဖောက်လုပ်ခဲ့ကြောင်း၊ ယခုအခါ မြေသားလုပ်ငန်းများ၊ ကျောက်ခင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးပြီဖြစ်၍ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၁၀ မိုင်ကျော် ပြီးနေပြီဖြစ်ကြောင်း" ရှင်းပြသည်။

ဆက်သွယ်သွားလာနိုင်

ကသာ-စင်းခန်းကားလမ်း ပြီးသွားပါက ဧရာဝတီတံတား (စင်းခန်း) တံတားကြီးပေါ်မှ ဖြတ်၍ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနား ကားလမ်းနှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မန္တလေး-ရွှေဘို-မြစ်ကြီးနား ကားလမ်းတို့နှင့် ဆက်သွယ်သွားလာနိုင်ကြတော့မည်ဖြစ်ပါကြောင်း ကွင်းဆင်းရေးသား တင်ပြလိုက်ရပါသည်။ ။

စင်းခန်း-ကသာ မော်တော်ကားလမ်းသစ်စီမံကိန်း၌ ကျောက်ခင်းလုပ်ငန်းဆောင်ရွက်နေကြသော လုပ်ငန်းခွင်တစ်နေရာကို ဤသို့တွေ့ခဲ့ရသည်။

ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ထွန်းဦး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇွန် ၄ ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲဝင် ကလေးငယ်များအား လိုက်လံကြည့်ရှုအားပေး စကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြိုင်ပွဲကို ဇွန် ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၅၃၀တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေသယံဇာတ ထိန်းသိမ်းကာကွယ်ရေး ငပုတောမြို့နယ်၌ အသိပညာပေးဟောပြော

ငပုတော ဇွန် ၅

ငပုတောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ရေသယံဇာတထိန်းသိမ်းရေးဟောပြောပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက ငပုတောမြို့ သီရိဇေယျာခန်းမ၌ကျင်းပရာ ငပုတောမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဇော်လင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှအောင်သိန်းတို့က ရေသယံဇာတ ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

သဃ်န်းကျွန်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်ပွဲကို မေ ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးမောင်မောင်လွင်က သက်ဆိုင်ရာဌာနများအား စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်စဉ်။ (၀၂၅)

ကွမ်းခြံကုန်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်ပွဲကို မေ ၃၁ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းက မြို့နယ်အတွင်းရှိ တာဝန်ရှိသူများအား စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်လွှာများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကော့မှူးမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

တွံတေးမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲကို မေ ၃၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က ဌာနဆိုင်ရာတာဝန်ရှိသူများအား စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဗိုလ်တထောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဇွန် ၁ ရက်က စီမံကိန်းတာဝန် ပေးအပ်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အား စီမံကိန်းတာဝန်များ ပေးအပ်စဉ်။ (မြို့နယ် /ထွေအုပ်)

မောင်းလျှင်မမူးနှင့် မူးလျှင်မမောင်းနှင့်

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

တောင်ကြီး ဇွန် ၅

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ပြည်နယ်အမျိုးသမီးရေးရာ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမှုံဦးက အမှာစကားပြောကြားပြီး Micro Credit လုပ်ငန်းနှင့်ပတ်သက်၍ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနမှူး ဒေါ်နန်းဗိုခမ်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Micro Credit ချေးငွေများကို ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမှုံဦးက ခရိုင်အလိုက်ပေးအပ်ရာ ခရိုင်သုံးခရိုင်မှ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက လက်ခံယူသည်။ အဆိုပါ ချေးငွေများကို တောင်ကြီးခရိုင်သို့ ငွေကျပ် ၆၅ သိန်း၊ လွိုင်လင်ခရိုင်သို့ ငွေကျပ် သိန်း၆၀နှင့်လင်းခေးခရိုင်သို့ ငွေကျပ် သိန်း ၃၀ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၈၉)**

အောင်လံမြို့နယ် မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များ ကြွပ်ကြွပ်အိတ်ရောင်းချခြင်း ရှိ မရှိကို မေ ၃၀ ရက်က အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိနှင့် အဖွဲ့ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မူကြိုကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ သံဖြူဇရပ်မြို့နယ်၌ ကျင်းပ

သံဖြူဇရပ် ဇွန် ၅

သံဖြူဇရပ်မြို့နယ် ဖောင်စိန်ကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်း၏ မူကြိုကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ကျောင်းဆောင် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၂၆ရက် နံနက်က ဖောင်စိန်ကျေးရွာ မူလတန်းလွန်ကျောင်း၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးတင့်တို့က မူကြိုကျောင်းအဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

လွှဲပြောင်းပေးအပ်

ထို့နောက် အခြေခံပညာကျောင်းများတွင် မူကြိုကျောင်းများဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး ကျောင်းဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရောင်ရှိန်က အဆောက်အအုံနှင့် ပတ်သက်သည့် အချက်အလက်များကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

စင်ကာပူ၌ မိုးသည်းထန်ပြီး ရေလွှမ်း

စင်ကာပူ ဇွန် ၅

စင်ကာပူနိုင်ငံတွင် ဇွန် ၅ ရက် နံနက်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် စင်ကာပူနိုင်ငံရှိ ဒေသအများအပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

ရေကြီးရေလျှံ

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘူကစ်တီမက်လမ်းမကြီးတစ်လျှောက် ရေလွှမ်းခဲ့ပြီး မော်တော်ယာဉ်သွားလာမှုအခက်အခဲများ ကြုံတွေ့ရသည်။ ထို့အတူ ပိုတောင်ပါဆာ၊ မက်ဖာဆန်၊ တိုရာပါယိုဂျ်နှင့် ဘာလက်စတီးရာ အရပ်များတွင်လည်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

မိုးသည်းထန်ပြီး ရေကြီးရေလျှံမှုကြောင့် အချို့မော်တော်ယာဉ်များ ရေနစ်မြုပ်ခဲ့ရသည်။ ပါဆာရစ်၊ တမ်ပီနက်စ်နှင့်ဘီဒေါ့စ်အရပ်များတွင်လည်း နှစ်နာရီခန့် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည်။ **(အောက်ပုံ)** **(အင်တာနက်)**

➤ မိုးမြင့်လင်းလက် – စုစည်းသည် ➤

အရီဇိုးနားပြည်နယ်၌ တောမီးလောင်ကျွမ်း မီးခိုးများ မိုင် ၂၀၀ကျော်အထိပျံ့လွင့် ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရ

လော့စ်အိန်ဂျလိစ် ဇွန် ၅

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးခိုးများမှာ မိုင် ၂၀၀ ကျော်အထိ ပျံ့လွင့်လျက်ရှိကြောင်း အမေရိကန်အရာရှိများက ဇွန် ၅ ရက်၌ ပြောကြားသည်။

ဘေးကင်းရာသို့

တောမီးလောင်ကျွမ်းမှုမှာ သစ်တောဧက ၂၅၀၀၀၀ ခန့်ရှိနေပြီ ဖြစ်ကြောင်း၊ အရီဇိုးနားပြည်နယ် အရှေ့အလယ်ပိုင်းရှိ အယ်လ်ပိုင်းဒေသအနီး သစ်တောဧရိယာများအထိ မီးလောင်ကျွမ်းလျက်ရှိကြောင်း၊ အနီးဝန်းကျင်ရှိ ဒေသခံ ၂၅၀၀ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

မီးငြိမ်းသတ်

တောမီးလောင်ကျွမ်းမှုကြောင့် အယ်လ်ပိုင်းနှင့် နူထရီရိုဆိုဒေသများတွင် နေထိုင်သော ဒေသခံများ၏ နေအိမ်များမှာ မီးဘေးအန္တရာယ် စိုးရိမ်နေရကြောင်း၊ ရဟတ်ယာဉ်လေးစင်းဖြင့် ဝေဟင်မှ မီးငြိမ်းသတ်နေပြီး မြေပြင်တွင်လည်း မီးသတ်ယာဉ်အစီး ၈၀ ခန့်ဖြင့် မီးငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ဆန်တီရာဂို ဇွန် ၅

ချီလီနိုင်ငံတောင်ပိုင်းရှိ ပူလီဟွီမီးတောင်သည် နှစ်ပေါင်း ၅၀ခန့်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဇွန် ၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ မီးခိုးနှင့်ပြာမှုန်များ ဝေဟင်သို့ လွင့်ပျံလျက်ရှိကြောင်း၊ အနီးဝန်းကျင်တွင် နေထိုင်သူ ဒေသခံ ၃၅၀၀ ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ချီလီအရာရှိများက ဇွန် ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

လွင့်ပျံ

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်ထိပ်တွင် မီးတောက်မီးလျှံများ မြင်တွေ့ရကြောင်း၊ ဓာတ်ငွေ့များနှင့်ပြာမှုန်များမှာ ဝေဟင်အမြင့် ခြောက်မိုင်အထိ လွင့်ပျံလျက်ရှိကြောင်း ၄င်းတို့က ပြောကြားသည်။

ယခုအခါ မီးတောင်ပေါက်ကွဲရာ အနီးဝန်းကျင်ဒေသများ၌ ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ထားပြီး အနီရောင်အဆင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ ၄င်းမီးတောင်မှာ ချီလီနှင့် အာဂျင်တီးနား နှစ်နိုင်ငံနယ်စပ်အနီးတွင်တည်ရှိကြောင်း ၄င်းတို့က ပြောကြားသည်။

မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသော ပြာမှုန်များနှင့် မီးခိုးများ အန္တရာယ်ကြောင့် ဒေသခံများအနေဖြင့် အိမ်တံခါးများ ပိတ်ထားကြရန်နှင့် အနီးရှိ လေဆိပ်လည်းပိတ်ထားရန် နိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းဌာနက ထုတ်လွှင့်ခဲ့သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

နိုင်ငံတကာအားကစား

မြင့်မောင်စိုး ရေးသားသည်

တရုတ်တင်းနစ်မယ် လီနာ နိုင်ငံအတွက် ပထမဆုံး ဂရင်းဆလမ်းဖလားဆွတ်ခူး

ပါရီ ဇွန် ၅

ပြင်သစ်နိုင်ငံ ပါရီမြို့ရိုးလင်းဂါရို့စ်အားကစားကွင်းကြီး၌ မေ ၂၂ ရက်မှ ဇွန် ၅ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် တရုတ်တင်းနစ်မယ် လီနာက အီတလီတင်းနစ်မယ်ချီယာဗွန်းအား ၆-၄၊ ၇-၆(၇-၀)ဖြင့် အနိုင်ရရှိပြီး တရုတ်နိုင်ငံအတွက် ပထမဆုံးသော သမိုင်းဝင် ဂရင်းဆလမ်းတင်းနစ်ဖလားကြီးကို ဆွတ်ခူးပေးလိုက်ပြီ ဖြစ်သည်။

အနိုင်ရခဲ့

အသက် ၂၉ နှစ်အရွယ်ရှိ တရုတ်တင်းနစ်မယ်လီနာ (အောက်ပုံ)သည် ကမ္ဘာ့အဆင့် ခုနစ်ရှိသည်။ သူမသည် ဇန်နဝါရီလက ဩစတြေးလျအိုးပင်းတင်းနစ်မယ်ဗိုလ်လုပွဲတွင် အီတလီတင်းနစ်မယ် ချီယာဗွန်းအား ရှုံးနိမ့်ပြီး ဖလားလက်လွှတ်ခဲ့ရသည်။ ၄င်းသည် အကြိုဗိုလ်လုပွဲတွင် နာမည်ကြီး ရှာရာပိုဗာကိုလည်း အနိုင်ရခဲ့သူဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာအားကစား

၂၀၁၂ ယူရိုခြေစစ်ပွဲများ ဆက်လက်ယှဉ်ပြိုင် အင်္ဂလန်နှင့် ဆွစ်ဇာလန် နှစ်ဂိုးစီသရေပွဲဖြစ်

လန်ဒန် ဇွန် ၅

၂၀၁၂ ယူရိုခြေစစ်ပွဲဘောလုံးပြိုင်ပွဲများကို ဇွန် ၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်နှင့် ဆွစ်ဇာလန်အသင်းတို့ ပြိုင်ပွဲ၌ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။

ဝင်ဘလေကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့သော ယင်းပြိုင်ပွဲတွင်ဆွစ်ဇာလန်အသင်းက ဦးဆောင်ဂိုး နှစ်ဂိုးသွင်းပြီးမှ အင်္ဂလန်အသင်းက နောက်မှ နှစ်ဂိုးလိုက်သွင်းခဲ့ခြင်းဖြစ်သည်။

ဦးဆောင်

ဆွစ်ဇာလန်အသင်းအတွက် ဂိုးများကို ဘာနက်တာက ပွဲချိန် ၃၂ မိနစ်နှင့် ၃၅ မိနစ်တို့တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် ကွင်းလယ်ဖန်တီးရှင် လမ်းပတ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ပြီး ဒုတိယချေပဂိုးကို အက်ရှ်လေယန်းက ပွဲချိန် ၅၁ မိနစ်တွင် သွင်းယူခဲ့သည်။ အင်္ဂလန်အသင်းသည် အုပ်စု(ဆ)တွင် ပါဝင်ကာ ယူရိုခြေစစ်ပွဲ ငါးပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရမှတ် ၁၁မှတ် ရရှိ၍ အုပ်စုအမှတ်ပေးဇယား၌ ဦးဆောင်နေသည်။

လက်ခံကျင်းပ

ဆွစ်ဇာလန်အသင်းမှာမူ ငါးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပြီး အမှတ်ပေးဇယား တတိယနေရာတွင်ရှိနေသည်။ ယူရိုခြေစစ်ပွဲများကို ယှဉ်ပြိုင်ကစားရာတွင် အိမ်ရှင်များအဖြစ် လက်ခံကျင်းပမည့် ပိုလန်နှင့် ယူကရိန်းတို့သည် အလိုအလျောက် ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။ အုပ်စုကိုး အုပ်စုဖြင့် ယှဉ်ပြိုင်ကစားလျက်ရှိရာ အမှတ်အများဆုံးအသင်းကိုးသင်းသည် ယူရို ၂၀၁၂အတွက် ခြေစစ်ပွဲအောင်မည်ဖြစ်သည်။

အခြားပွဲရလဒ်များ

ဂရိ	၃-၁	မော်လ်တာ
အိုက်စလန်	၀-၂	ဒိန်းမတ်
လတ်ဗီးယား	၁-၂	အစ္စရေး
မက်ဆီဒိုးနီးယား	၀-၂	အိုင်ယာလန်
မွန်တီနီဂရိုး	၁-၁	ဘူလ်ဂေးရီးယား
ပေါ်တူဂီ	၁-၀	နော်ဝေ
ရုရှား	၃-၁	အာမေးနီးယား
ဆလိုဗားကီးယား	၁-၀	အင်ဒိုရာ

(အင်တာနက်)

နိုင်ငံတကာရုပ်ရှင်

မောင်ချစ်ကြည် – ရေးသည်

ရုပ်ရှင်မင်းသား လီယိုနာဒိုနှင့် တွဲနေသည့် ဟောလိဝုဒ် မင်းသမီးဘီလိခ်

ပါရီ ဇွန် ၅

***ဟောလိဝုဒ်ရုပ်ရှင်မင်းသားလီယိုနာဒိုသည် အချစ်သစ်ဖြစ်သည့် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးဘီလိခ်နှင့်အတူ ပြင်သစ်နိုင်ငံကိန်းစ်မြို့ ကမ်းခြေတွင်အပျော်စီးရွက်လှေတစ်စင်းဖြင့် အပန်းဖြေလျက်ရှိကြောင်း ပါရီမြို့ထုတ် မီဒီယာများက ဇွန် ၅ ရက်၌ ဖော်ပြသည်။** (အပေါ်ပုံ)*

လီယိုနာဒိုနှင့်ဘီလိခ်တို့သည် အမေရိကန်ဒေါ်လာ ၅၂ သန်းတန်သော အပျော်စီးရွက်လှေဖြင့် အပန်းဖြေလျက်ရှိသည်။ တစ်ညလျှင် ဒေါ်လာ ၅၀၀၀ပေးရသည့် Hotel de Paris၌ တည်းခိုပြီး တစ်နပ်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ပေးရသော နေ့လယ်စာစားသုံးကာ အပျော်ခရီး ဆက်လျက်ရှိသည်။ လီယိုနာဒိုနှင့် တွဲလျက်ရှိသော ဟောလိဝုဒ်ရုပ်ရှင် မင်းသမီး ဘီလိခ်မှာ အသက် ၂၃ နှစ်အရွယ်သာ ရှိသေးပြီး လီယိုနာဒိုမှာ ၃၆ နှစ်ရှိပြီ ဖြစ်သည်။ ရုပ်ရှင်မင်းသမီး ဘီလိခ်မှာ အသက်ငယ်သော်လည်း ဟောလိဝုဒ်ရုပ်ရှင်လောက၌ အောင်မြင်နေသူဖြစ်သည်။ အသက် ၁၁ နှစ်အရွယ်မှစတင်ကာ ရုပ်ရှင်ကားများ၌သရုပ်ဆောင်ခဲ့သူဖြစ်ပြီး Sandman ဇာတ်ကားမှစတင်ကာပထမဆုံး ပရိသတ် အားပေးခြင်းခံခဲ့ရသူလည်းဖြစ်သည်။ အဆိုပါဇာတ်ကားကို သူမ၏ဖခင် ဒါရိုက်တာအဖြစ်ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ထို့နောက်ရုပ်ရှင်ကားများ ဆက်တိုက် ပါဝင်သရုပ်ဆောင်ခဲ့ရာ The Sisterhood of the Traveling Pants ဇာတ်ကားမှာ လူကြိုက်များခဲ့ပြီး ၄င်းရုပ်ရှင်ဇာတ်ကား စတင်ပြသသည့်နေ့၌ ရုံဝင်ခပေါင်း ဒေါ်လာ ၄၄ သန်းရရှိခဲ့သည်။

သူမသည် ၂၀၀၄ခုနှစ်မှ၂၀၀၇ခုနှစ်အထိ ဟောလိဝုဒ်ရုပ်ရှင်မင်းသားကီလီဘလက်စ်နှင့်တွဲခဲ့ပြီး ၂၀၀၈ ခုနှစ်၌ ဟောလိဝုဒ်မင်းသား ပင်းဘက်ဂလေနှင့် တွဲခဲ့သည်။ ပင်းဘက်ဂလေနှင့် သုံးနှစ်ကြာတွဲခဲ့ပြီးနောက် ၂၀၁၀ စက်တင်ဘာ၌ လမ်းခွဲခဲ့သည်။ ယခုအခါ ဟောလိဝုဒ်ရုပ်ရှင်မင်းသား လီယိုနာဒိုနှင့် တွဲနေခြင်းဖြစ်သည်။ ။ *(အင်တာနက်)*

ချင်းပြည်နယ်ဝန်ကြီးချုပ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇွန် ၅

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်းသည် ဇွန် ၄ရက် နံနက် ၈နာရီက ဟားခါးမြို့ ကျောဘုတ်ရပ်ကွက် ရေထိန်းဇရိယာ၌ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မှိုင်းဘောပင် ၂၃၀၀၊ ရေသင်းဝင်ပင် ၁၅၀၀၊ ချယ်ရီပင် ၁၃၀၀နှင့် မိုးမခ ၄၆၅ပင်တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ မင်းတပ်ခရိုင်နှင့် ဖလမ်းခရိုင် မြို့နယ်များတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကိုကျင်းပခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်ကျေးရွာပြည်သူများက အရိပ်ရပင်နှင့် လေကာပင်စုစုပေါင်း ၁၆၅၁၇ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ရန် နှိုးဆော်ချက်

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ရန်အတွက် အောက်ဖော်ပြပါ စေတီ၊ ဂူဘုရားပုထိုးများ၏ တစ်ဆူချင်းအလိုက် ခန့်မှန်းကုန်ကျငွေများအတွက် နဝကမ္မအလှူငွေများ စေတီ၊ ဂူဘုရား တစ်ဆူချင်းအလိုက် လာရောက်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

စဉ်	ဘုရားအမှတ်	အမျိုးအစား	ပြုပြင်ရန်ခန့်မှန်း တန်ဖိုး ကျပ်သိန်း
၁	၁၃၈	ဂူဘုရား	၉၅ သိန်း
၂	၁၄၀	။	၁၁၂ သိန်း
၃	၂၂၈	။	၈၀ သိန်း
၄	၂၂၉	။	၈၀ သိန်း
၅	၂၉၂	ဥမင်စေတီ	၁၈၅ သိန်း
၆	၃၄၇	ဂူဘုရား	၁၅၀ သိန်း
၇	၆၆၉	။	၁၁၀ သိန်း
၈	၇၂၄	။	၈၀ သိန်း
၉	၈၅၃	။	၁၃၅ သိန်း
၁၀	၉၉၁	စေတီ	၁၃၅ သိန်း
၁၁	၁၂၇၂	။	၆၅ သိန်း
၁၂	၁၄၀၅	။	၁၆၈ သိန်း
၁၃	၁၄၀၈	။	၈၀ သိန်း
၁၄	၂၀၂၆	ဂူဘုရား	၁၁၀ သိန်း
၁၅	၂၀၈၂	။	၁၀၀ သိန်း
၁၆	၂၁၉၅	။	၁၀၀ သိန်း
၁၇	၂၁၄၂	၂ ထပ်ဂူဘုရား	၄၂၀ သိန်း
၁၈	၂၀၈၃	ဂူဘုရား	၈၅ သိန်း
၁၉	၂၀၅၁	၂ ထပ်ဂူဘုရား	၄၂၀ သိန်း
၂၀	၁၅၃၉	ဂူဘုရား	၂၀၀ သိန်း
၂၁	၁၂၇၇	။	၃၅၀ သိန်း
၂၂	၈၃၆	။	၆၅ သိန်း
၂၃	၅၉၉	။	၉၀ သိန်း

ဆက်သွယ်လှူဒါန်းနိုင်သော ဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၈၂၁၄၊

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇၊

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇၊

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း-၀၆၁-၆၀၂၆၉၊

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ မန္တလေးဌာနခွဲ ဖုန်း-၀၂-၇၆၁၅၂။

စေတနာ့ဝန်ထမ်းပြုစုစောင့်ရှောက်ရေးသင်တန်း ပခုက္ကူမြို့နယ်၌ ဖွင့်ပွဲကျင်းပ

ပခုက္ကူ ဇွန် ၅

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က HIV/AIDS ရောဂါဆိုင်ရာ အသိပေးဆွေးနွေးခြင်းနှင့် စေတနာ့ဝန်ထမ်းပြုစုစောင့်ရှောက်သူသင်တန်း ဖွင့်ပွဲကို ဇွန် ၂ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ရုံးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ပခုက္ကူခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ရီရီမေ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်သဇင်နွယ်တို့က အမှာစကား ပြောကြားကြပြီး ပခုက္ကူခရိုင် ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဦးတင်မောင်ထွေးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းအသိပေးပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း IPPF စီမံချက်မှ ဒေါက်တာ ဦးကိုကိုမော်က စီမံချက်နှင့်ပတ်သက်၍ အသိပေးဆွေးနွေးသည်။ အဆိုပါသင်တန်းသို့ ပခုက္ကူမြို့နယ်အတွင်းမှ သင်တန်းသား သင်တန်းသူ ၄၀တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇွန်၃ရက်က အမက (၁) ဗဟန်း၏ ကျန်းမာပျော်ရွှင်နေထိုင်ဖို့ မူးယစ်ဆေးဆိုရှောင်ကြစို့ ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးတားဆီးရေး ဟောပြောပွဲကို ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းယဉ် ဟောပြောပို့ချစဉ်။ (ပညာရေး)

ကုန်စည်ပြပွဲ၌ စူပါစားသောက်ကုန်ပစ္စည်းများ ပါဝင်ပြသခဲ့

ရန်ကုန် ဇွန် ၅

ဒုတိယအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ၂၀၁၁ ကို ဇွန် ၃ ရက်မှ ၅ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့ရာ **(အောက်ပုံ)** စူပါကော်ဖီမစ်ကုမ္ပဏီမှ ထုတ်လုပ်သော စူပါကော်ဖီမစ်၊ စူပါကွေကာ၊ စူပါအနီရောင် ကော်ဖီမစ်၊ စူပါ အစိမ်းရောင်ကော်ဖီမစ်၊ စူပါ လီမွန်တီး စသည့် စူပါစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် လက်ဆောင်များပေး၍ ရောင်းချခဲ့သည်။ အဆိုပါ ကုန်ပစ္စည်းများကို ဆက်သွယ် မှာယူလိုပါက အမှတ်-၁၈၇ နတ်မောက်လမ်းသွယ် (၂) UNDP နှင့် ကန်သာယာဆေးရုံကြားတာမွေမြို့နယ် ဖုန်း-၀၁-၅၄၈၄၀၉ နှင့် ၅၄၂၈၂၃ သို့ ဆက်သွယ် မှာယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျောက်ကြီးမြို့ သာယာလှပရေးအတွက် မြို့အဝင် ကျောက်ကြီး-နတ်သံကွင်းကားလမ်းမကြီးဘေး မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို မေ ၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြတ်စိုးနှင့် ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ရဲတပ်ဖွဲ့ မိသားစုဝင်သားသမီးများအား ၂၀၁၁-၂၀၁၂ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်အုန်းက ကျောင်းသူတစ်ဦးအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။ (၀၉၃)

မြန်မာ့အလင်း စာတည်းထံပေးစာများ

မုန့်ဟင်းခါးနှင့်ဂျုံခေါက်ဆွဲဖို ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥသျှောမြို့သစ် အမှတ်(၂)ရပ်ကွက် မဟော်သဓာလမ်းရှိ မုန့်ဟင်းခါးနှင့် ဂျုံခေါက်ဆွဲဖိုတစ်ဖိုသည် နေ့စဉ် နံနက် ၂ နာရီအထိ စက်သံ ဆူညံစွာဖြင့်လုပ်ကိုင်သည့်အပြင် ဝက်များကိုလည်း မွေးမြူထားခြင်းကြောင့် ဝက်ခြံမှထွက်သော အနံ့ဆိုးများသည် ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများ အိပ်ရေးပျက်ကာ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါမုန့်ဟင်းခါး၊ ဂျုံခေါက်ဆွဲဖိုနှင့် ဝက်ခြံအား သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အမှတ်(၂)ရပ်ကွက်သား

မုန့်ကြော်ညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းရှင်-

ပျဉ်းမနားမြို့နယ် ပန်းခင်း(၁)ရပ်ကွက် ဓမ္မာရုံအနီးရှိ မုန့်မျိုးစုံအကြော်လုပ်ငန်းမှ ညှော်နံ့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပြီး မီးဘေးအန္တရာယ်ပါ စိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

စည်းကမ်းမဲ့ချိုးရေများကြောင့် လမ်းပျက်စီး

စာတည်းခင်ဗျား-

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ယဉ်တော်ကျေးရွာအဝင်လမ်းပေါ်သို့ ဈေးချိုရပ်ကွက် ထန်းတပင်ရပ်ရှိ ရေတွင်းနှစ်တွင်းမှ ချိုးရေများ စီးဆင်းမှုကြောင့် ရွာအဝင်လမ်းမကြီးသည် ရွံ့ပွက်များဖြင့် ပျက်စီးနေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ သွားလာရေး အခက်အခဲဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းကောင်းစေလိုသူ**

အညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ ရှင်းလင်းပြီး

၁၈-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ဒိုက်ဦးမြို့ မင်းလမ်း မြို့နယ်သမဝါယမအသင်း ဂိုဒေါင်လမ်းကြားရှိ လက်ဖက်ရည်ဆိုင်မှ အညှော်နံ့များ၊ မီးစက်နှီးသံ၊ ဆောင်းဘောက်ဖွင့်သံ ဆူညံမှုများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရ**ပေးစာနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ထုံး၊ ဘိလပ်မြေဆိုင် ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

၁၈-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မုံရွာမြို့ အေးသာယာရပ်ကွက် အုန္နပင်လမ်းရှိ ဆိုင်တစ်ဆိုင်၌ ရောင်းချလျက်ရှိသော ထုံး၊ဘိလပ်မြေအမှုန့်များကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်ရ**ပေးစာနှင့်ပတ်သက်၍ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

(၃၂)နှစ်မြောက်မင်္ဂလာဆုတောင်း

ဖေဖေ ဗိုလ်ကြီးသန်းစိုး၊ မိတ္ထီလာမြို့နှင့် မေမေ ဒေါ်တင်စိန်(ခ)ဒေါ်တင်ဝေ (သုခထီလာ ဆေးရုံ)တို့၏ ၆-၆-၂၀၁၁ရက်တွင် ကျရောက်သော (၃၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် လက်ရှိကြိုးပမ်းအားထုတ်လျက်ရှိသော လောကီ၊ လောကုတ္တရာ အကျိုးများကို သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့အကျိုးတို့ကို သားသမီးများနှင့်အတူ သယ်ပိုးဆောင်ရွက်ရင်း အလှူရေစက် လက်နှင့်မကွာလှူဒါန်းနိုင်ပြီး သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို သက်ဆုံးတိုင် မိသားစုနှင့်အတူ ထာဝရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - ဦးရန်ပိုင်စိုး(ခ)ဖေယျာ(ထူးပိုင်ဝေ-ခရီးသွားလုပ်ငန်းကုမ္ပဏီ)-
မနွေ့ဝါဖြူ(ခ) Althea Thwin (ဖိုးလပြည့်ကုမ္ပဏီ)
ချစ်သားငယ် - ဦးထူးအံ့သူ(ခ)တေဇာ(ထူးပိုင်ဝေ-ဆောက်လုပ်ရေးကုမ္ပဏီ)-
မနန်းစုလင်းဖြိုး
ချစ်မြေးငယ် - နန်းခင်ခိုင်ခန့်(ခ)ချုပ်ချုပ်။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်မြို့နေ
ဦးဝင်းနိုင်-ဒေါ်ခင်စောမူ တို့၏သားကြီး
ဗိုလ်ကြီးအောင်ဖြိုးအောင်
B.E (Electronic) D.S.T.A
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာနေ
ဒေါက်တာညွန့်ဝေ(ဆေးရုံအုပ်ကြီး၊ မူးယစ်ဆေးစွဲရောဂါကုဆေးရုံကြီး၊ မြစ်ကြီးနားမြို့)-
ဒေါ်ချိုချို တို့၏သမီးကြီး
ဒေါက်တာမေဦးခိုင်
M.B.,B.S(Mgy)
(လက်ထောက်ဆရာဝန်၊စံပြဆေးရုံကြီး၊ သဃ်္ဃန်းကျွန်း)

တို့သည် ၅-၆-၂၀၁၁ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်ဖြိုးအောင်-ဒေါက်တာမေဦးခိုင်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

မခ/၂၈၀၄၅ ဟွန်ဒါဒရင်း ၁၂၅ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလှိုင် ၈/ကမန(နိုင်)၀၄၂၆၉၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညနတိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)။

မသက်ဆိုင်တော့ပါကြောင်း

ကျွန်မ မဝင်းဝင်း ၁၂/အလန(နိုင်)၀၁၂၅၅၄ ၏ ခင်ပွန်းဖြစ်သူ ကိုအောင်ဇင်ဦး ၁၂/အလန(နိုင်)၀၁၂၈၁၃သည် မိမိသဘောဆန္ဒအတိုင်းပြုလုပ်သွားပြီဖြစ်ပါသဖြင့် ယနေ့မှစ၍ ကျွန်မနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း။ **မဝင်းဝင်း။**

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၃၄၊၃၅၊၃၆) အကျယ်အဝန်းအားဖြင့် (၁၂၀ပေ×ပေ၆၀)စတုရန်းပေရှိ မြေကွက်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ စနစ်တကျ ချမှတ်ပေးထားသော မြေချပါမစ်မူရင်းများကို လက်ဝယ်ထားပိုင်ဆိုင်သူရှိပါလျက် တရားမဝင်သောနည်းများဖြင့် ခြံစည်းရိုးခတ်ခြင်း၊ ကျူးကျော်ဝင်ရောက် အဆောက်အအုံဆောက်လုပ်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်ထွန်းမြင့်
၁၂/ကမတ(နိုင်)၀၁၉၂၆၇၊
ဒေါ်လှမြတ်မိုမို
၁၂/သကတ(နိုင်)၀၃၆၂၃၆
မြေချပါမစ်လက်ဝယ်ထားပိုင်ဆိုင်သူ။

ဖခင်အမည်မှန်

ကြံခင်းမြို့နယ် အထက(ခွဲ) ချင်းမြောင် ပဥ္စမတန်း(က)မှ မောင်ဟိဏ်းထက်စိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝဖြစ်ပါသည်။
ဦးထွန်းဝ။

ဖခင်အမည်မှန်

ပဲခူးမြို့ အထက(၃) Grade-9-C တွင် ပညာသင်ကြားနေသော မောင်သန်းထိုက်ဇော်၏ ဖခင် ဦးမိုးကျော်၏ အမည်မှန်မှာ ဦးမိုးကျော်ဦး ၇/ပခန(နိုင်)၀၃၂၉၇၅ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးမြခိုင်၊ ဒေါ်ခင်မာကြည်တို့၏သား ဒဂုံတက္ကသိုလ် ဒုတိယနှစ် တက်ရောက်နေသူ မောင်ပစ်တိုင်းထောင်အား ယနေ့မှစ၍ မောင်ထွဋ်ဘုဏ်းခိုင်ဟု ပြောင်းလဲခေါ်ကြပါရန်။
မောင်ထွဋ်ဘုဏ်းခိုင်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ရတနသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ပဋိစ္စသမုပ္ပာဒ်ပေါ်ဖုံးနေသည့် အမှောင်** တရားတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၆)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၄)
၈:၅၀ သန်လျင်မြို့ နတ်စင်တစ်ရာ ကျောင်းအားအမှူးထား၍ သန့်စင်အောင်ကုမ္ပဏီ၏ ဘေးကင်းရန်ကွာ စတုဒိသာ အလှူတော်မင်္ဂလာ
၉:၁၀ ကမ်းဆင့်လက်များ လှမ်းဆက်လို့ရည် သာသနာ့အမွေခံယူကြမည်
၉:၂၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးချို မျက်စိရောဂါ အကြောင်း သိကောင်းစရာ)
၁၀:၀၅ Activities in the City [အထက(၂) လမ်းမတော်၏ (၁၂)ကြိမ်မြောက် မြတ်ရာပူဇော်ကန်တော့ပွဲ]
၁၀:၂၀ The Champion of Dance
၁၁:၀၀ Celebrity Choice (ကျော်ကျော်ဗို)
၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀ မဟာဗျူဟာစာကြည့်တိုက် ဖွင့်ပွဲနှင့် ရွှေရတနာအောင်သရဖူ စေတီတော်မြတ် ရွှေထီးတော်တင်မင်္ဂလာ
၁၂:၂၀ စားချင်စဖွယ် နည်းအသွယ်သွယ် (အုန်းနို့ခေါက်ဆွဲသုပ်နှင့် ဂရိပုစွန်ကြော်)
၁၂:၄၀ တော်ကဆုန် ညောင်ရေသွန်းချိန်မို့
၁:၀၀ **ပဋိစ္စသမုပ္ပာဒ်ပေါ်ဖုံးနေသည့် အမှောင်** တရားတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၂၀ FMF Selection
၂:၅၅ မြန်မာအိန္ဒိယဆေးပညာ နှီးနှောဖလှယ်ပွဲ
၃:၀၅ သဘာဝ Scalar စွမ်းအင် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ
၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၆)
၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၈၄)
၅:၀၅ Activities in the City [ပါမောက္ခဒေါက်တာ အောင်ခင် (ခွဲစိတ်)၏ ဒို့ဘဝဆေးကျောင်း မမေ့စကောင်းစာအုပ် မိတ်ဆက်ပွဲ]
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV - 4 သတင်း
၆:၂၀ Sandy Talk (SS ခင်မောင်အေး၊ မျိုးမြတ်သူ)
၆:၅၀ MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၇)
၇:၃၅ ဗီဒီယိုပြခန်း
၈:၀၀ MRTV -4 သတင်း
၈:၃၀ စကားနပန်း **ဆရာလုပ်တာ ကောင်းတယ် ဆရာမလုပ်တာ ကောင်းတယ်**
၉:၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၈၅)
၁၀:၂၀ အနုပညာမိုးကောင်းကင်
၁၀:၄၀ အရက်နှင့် ကျန်းမာရေး
၁၁:၁၀ International Show Biz
၁၁:၃၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နိုင်ငံတကာဆုရ မြန်မာ့တိုင်းရင်း အလှမွေးငါးများ)
၁၁:၄၅ ဈေးဝယ်လမ်းညွှန် (EKZ Fashion)
၁၂:၁၅ ခတ်ကြွင်းအာနိသင် ကင်းစေဖို့ တမာပိုးသတ်ဆေးသုံးကြစို့
၁၂:၃၀ စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
၁:၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ခင်သီတာအုန်း)
၁:၃၀ နယဉ်ဆန်းထွင် ပန်းအလှဆင် (Diamond ပုံ ပန်းအိုးထိုးနည်း)
၁:၅၅ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၂:၂၅ ဒို့တိုင်းဌာနီ ဧရာဝတီ (ဥတိုပေါ်ဆန်းစပါး)
၂:၅၅ လှပသက်ဝင် ဖော့ပန်းပုရုပ်သွင်
၃:၀၅ ကဏ္ဍာစုံလင်အားကစား အစီအစဉ်
၄:၀၅ နလုံးသားဖြင့် မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
၄:၂၅ ပြည့်ဝန်ထမ်း၍ ဆက်လှမ်းနေမည်…
၄:၃၀ သဘာဝကပေးသော လက်ဆောင်များ
၄:၄၀ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၄:၅၀ အံ့ဖွယ်ထူးခြား မြေလတ်ဒေသဆီမှ ဘုရားများ
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြင်ဆင်ဖတ်ရှုပါ

ဇွန်လ ၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ ကော်လံ ၆ ၌ ပါရှိသော အရှိန်မထိန်းနိုင်တော့ ယာဉ်တိုက်မှုဖြစ်၊ သုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ သတင်းတွင် သေဆုံးသူများမှာ ဗင်ကားယာဉ်မောင်း အပါအဝင် သုံးဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။
(မြန်မာ့အလင်း)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန။

ဟင်္သာတမြို့နယ်စစ်မှုထမ်းဟောင်း ပညာသင်စရိတ်ထောက်ပံ့

ဟင်္သာတ ဇွန် ၄

ဟင်္သာတမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီခွဲက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ဟင်္သာတမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့အတွင်းရေးမှူး တပ်ကြပ်ကြီးရဲညွန့်(ငြိမ်း)က ဆောင်ရွက်ပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီး မျိုးသန့်(ငြိမ်း)က ထောက်ပံ့ကြေးငွေပေးအပ်ရခြင်းကို ရှင်းလင်း ပြောကြားပြီး ဟင်္သာတမြို့နယ်စစ်မှုထမ်းဟောင်းများ၏ ဂုဏ်ထူးတန်း၊ တက္ကသိုလ်အဆင့်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၂ ဦးအတွက် ပညာသင်ထောက်ပံ့ငွေ ကျပ် ၁၃၁၃၀၀၀ကို ဘဏ္ဍာရေးမှူး ဗိုလ်ကြီးကျော်သန့်(ငြိမ်း)က ပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား ပ-အရာခံဗိုလ်သိန်းဆင့်(ငြိမ်း)က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ဝ၇၅)**

ယဉ်ကျေးမှုသင်တန်းဆင်းပွဲ ကန်ကြီးထောင့်မြို့နယ်၌ ကျင်းပ

ကန်ကြီးထောင့် ဇွန် ၄

ပုသိမ်ခရိုင် ကန်ကြီးထောင့် မြို့နယ် ဒါးကကိုးနဝင်းကျောင်းတိုက်၌ မေ ၁၅ ရက် မွန်းလွဲ ၁ နာရီက ဒါးက ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့က ကြီးမှူး၍ တတိယအကြိမ်မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းဆင်းပွဲ ဆုနှင်းသဘင်အခမ်းအနားကျင်းပရာ အခမ်းအနားတွင် သင်တန်းဖြစ်ပေါ်လာပုံနှင့် ဆုပေးအပ်ချီးမြှင့်ခြင်းတို့နှင့် စပ်လျဉ်း၍ ဒေါက်တာ ဦးမော်မော်စိုးတင်က ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူ ၂၀၉ဦးအနက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများနှင့် အောင်လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)**

သင်တန်းကာလ

အဆိုပါ သင်တန်းတွင် ထူးချွန်အောင်မြင်သူ ၃၉ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၁၉ဦးဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လေအေးပေးစက် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇွန် ၅

Summit Myanmar ကုမ္ပဏီကတင်သွင်းသော Summit Aircon ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲကို မေ ၃၁ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ အခမ်းအနား၌ Summit Myanmarမန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်းကSummit Myanmar ကုမ္ပဏီကို အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသော Aircon လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးဖြင့် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိစေမည့်အပြင် အရည်အသွေးကောင်းမွန်သော Aircon များကို တင်သွင်းလျက်ရှိကြောင်း၊ အဆိုပါလေအေးစက်များကို သုံးနှစ်အာမခံပေးထားပြီး ပထမနှစ်၌ ပစ္စည်းဖိုးလက်ခ အခမဲ့ဖြစ်ကာ ဒုတိယနှစ်တွင် လက်ခ အခမဲ့ပြုပြင်ပေးမည်ဖြစ်ကြောင်း၊ ယခုတင်သွင်းသော လေအေးစက်၏ အားသာချက်မှာ Remote control တွင် Child-lock ပါဝင်ခြင်း၊ Display မီးအလင်းရောင်အား လိုအပ်သလိုပိတ်နိုင်၊ ဖွင့်နိုင်ခြင်း၊ X-Fan Function ပါဝင်ခြင်းတို့ကြောင့် ခြောက်သွေ့အေးမြစေကြောင်း၊ ၎င်းအပြင် ကွန်ပရက်ဆာကွိုင်အကြီးများကို အသုံးပြုထားခြင်းကြောင့် ချေးပိတ်မှုအားနည်းကြောင်း ရှင်းလင်းပြောကြားသည်။

Summit Air Conditioner အရောင်းပြခန်းကို အမှတ် ၁၈၂/၁၉၄ ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားပြီး ဖုန်း-၀၁-၃၉၇၅၄၉၊ ၀၉-၇၃၁-၅၄၈၆၁ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

ပျော်ဘွယ် ဇွန် ၄

ပျော်ဘွယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင်ပညာသင်ယူကြမည့် ဝန်ထမ်းသားသမီးများအားကျောင်းသုံးစာအုပ်နှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၃၁ ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် မူလတန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်၊ ငွေကျပ် ငါးထောင်နှုန်းဖြင့်၂၆ဦး၊ အလယ်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ် နှစ်ဒါဇင်၊ ငွေကျပ် ငါးထောင်နှုန်းဖြင့် ၁၅ဦး၊ အထက်တန်းအဆင့် ကျောင်းသား တစ်ဦးလျှင် ဗလာစာအုပ် နှစ်ဒါဇင်၊ ငွေကျပ် တစ်သောင်းနှုန်းဖြင့် ၁၄ ဦး စုစုပေါင်း ကျောင်းသား ၅၅ ဦးအား ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝက်များတွင်ဖြစ်ပွားတတ်သော ရောဂါများအကြောင်း စဉ့်ကိုင်မြို့နယ်၌ ပညာပေးဟောပြော

စဉ့်ကိုင် ဇွန် ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့တွင် ဝက်များ၌ ဖြစ်ပွားတတ်သည့် ရောဂါများနှင့်ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေး ဟောပြောပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာရဲထွန်းဝင်းက ဝက်နားရွက်ပြာရောဂါနှင့်ဇီဝလုံခြုံမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးကြည်ကတိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ယဉ်ကျေးမှုအခြေပြုသင်တန်း အမှတ်စဉ် (၁/၁၃၇၃)ကို မေ ၂၉ ရက်က စော်ဘွားကြီးကုန်းရပ်ကွက် အသောကာရုံ မွေ့ရာရုံ၌ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနီထွန်းက သင်တန်းတွင်ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ဟိုပင်၌သီပွံနည်းကျ စိုက်ပျိုးရေးဆွေးနွေးပွဲကျင်းပ

ဟိုပင် ဇွန် ၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့တွင် သီပွံနည်းကျစိုက်ပျိုးရေးနည်း၁၄ချက်အား တောင်သူများသို့ ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၁ ရက် နံနက် ၁၀ နာရီက နန့်ရင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ မေ ၁၂ ရက် နံနက် ၁၀ နာရီက ကြာကြီးကွင်း ကျေးရွာအုပ်စု ငါးမိုင်ကျေးရွာ ပညာအလင်းရောင် စာကြည့်တိုက်၌လည်းကောင်း ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးအေးမြင့်မောင်၊ မြို့နယ်မန်နေဂျာ ဦးစိန်လွင်တို့က သီပွံနည်းကျ စပါးစိုက်ပျိုးရေးနည်း စနစ် ၁၄ ချက်ကို ရှင်းလင်းပြောကြား၍နန့်ရင်းကျေးရွာမှ တောင်သူများ၊ ငါးမိုင်ကျေးရွာမှ တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများတွင် မြေယာရှုခင်း အလှဆင်ခြင်းလုပ်ငန်းကို မေ ၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ အမှုဆောင် အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အင်းတော်မြို့နယ် မြို့မဈေးအတွင်း မေ ၁၀ ရက်က ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများဆယ်ယူခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝဏ္ဏအောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သထုံမြို့နယ် အင်းကွဲ-ရှမ်းစုလမ်း ကျောက်ချောခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို မေ ၃ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် တိုးချဲ့ကမ်းနားလမ်း ပလက်ဖောင်းလုပ်ငန်းနှင့် လက်ရန်းပြုလုပ်ခြင်းလုပ်ငန်းများကို မေ ၂၄ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင် ရှင်းလင်းတင်ပြစဉ်။ (၁၀၇)

ရွှေသောင်ယံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ချောင်းသာ-ရွှေသောင်ယံလမ်းဖောက်လုပ်ရန် ကျောက်များစုဆောင်းထားရှိမှုကို မေ ၂၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

အရည်အသွေးပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ်နှင့် နိုင်ငံ့အကျိုးကို ကြိုးပမ်းဆောင်ရွက် မိမိတို့တာဝန်ထမ်းဆောင်ရမည့်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ကြိုးပမ်း

ရန်ကုန် ဇွန် ၅

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၁၀)ဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ အဆိုပါကောလိပ်၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အတွင်းရေးမှူး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်သိန်းဌေး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၁၀) ဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ကို ဆက်သွယ်ပေးသည့် ကသာ-ဗန်းမော်လမ်းစီမံကိန်းမှ [illegible]

သတင်းဆောင်းပါး ➤ ခရမ်းစိုးမြင့်   ဓာတ်ပုံ ➤ ကျော်မိုးလွင်

နေပြည်တော် ဇွန် ၅

ကသာ-ဗန်းမော်လမ်းစီမံကိန်းသည် ကသာမြို့မှစ၍ စင်းခန်းတံတားအထိ ၆၅ မိုင်ရှည်လျားပြီး ကသာမှ ချောင်းဝအထိ ၂၅ မိုင် ၆ ဖာလုံကို တစ်ပိုင်းနှင့် ချောင်းဝမှ စင်းခန်းတံတားအထိ ၃၉ မိုင် ၂ ဖာလုံကို တစ်ပိုင်းခွဲ၍ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကြီးကြပ်ပြီး ကုမ္ပဏီ ၁၃ ခုနှင့် ဖောက်လုပ်လျက်ရှိသော မော်တော်ကားလမ်းအသစ်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ ❖